# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇) ၊ အမှတ်(၃၆၀) ၊ ၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်၊ ၂၈-၁၁-၂၀၂၄၊ သောကြာနေ့ ။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

အကြောင်းတရားတို့သည် ပြုပြင်အပ်ကုန်သော အလုံးစုံသော ရုပ်နာမ်တို့သည်(လောက၌ ရှိရှိသမျှ အားလုံးတို့သည်)အမြဲမရှိကုန်ဟု ပညာဖြင့် အမှန်သိမြင်သောအခါ သံသရာဝဋ်ဆင်းရဲ၌ ငြီးငွေ့၏။ ဤသို့ ငြီးငွေ့ခြင်းသည် ကိလေသာစင်ကြယ်သော နိဗ္ဗာန်သို့ သွားရာလမ်းဖြစ်၏။ (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## မြန်မာနိုင်ငံ “စီးပွားရေးပညာနှစ် (၁၀၀)” ရာပြည့်အထိမ်းအမှတ် အခမ်းအနားကျင်းပ

# စီးပွားရေးပညာကို စွမ်းဆောင်ရည် ပြည့်ပြည့်ဝဝဖြင့် လက်တွေ့အသုံးချတတ်မှုသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိ




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံ“စီးပွားရေးပညာနှစ်(၁၀၀)”ရာပြည့်အထိမ်းအမှတ် ပြခန်းများအား ကြည့်ရှုလေ့လာစဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၈**

မြန်မာနိုင်ငံ “စီးပွားရေးပညာနှစ်(၁၀၀)” ရာပြည့်အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန - ၂ ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ပြီး အမှာစကားပြောကြားသည်။

**တက်ရောက်**

အခမ်းအနားသို့ ကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စု ဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ စီးပွားရေးပညာ ဘွဲ့ရသူများ၊ မြန်မာနိုင်ငံ “စီးပွားရေးပညာနှစ်(၁၀၀)”ရာပြည့်အထိမ်းအမှတ် အခမ်းအနားကျင်းပရေးဦးဆောင်

စာမျက်နှာ ၂၄ သို့ ❖

## အားကောင်းသောမုန်တိုင်းငယ်၏အရှိန်ကြောင့် နေရာကွက်ကျားမှ နေရာကျဲကျဲမိုးရွာနိုင်


**နေပြည်တော် နိုဝင်ဘာ ၂၈**

**အားကောင်းသောမုန်းတိုင်းငယ်အခြေအနေ**

ယနေ့ ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော အားကောင်းသော မုန်တိုင်းငယ်သည် မြောက်-အရှေ့မြောက်ဘက်သို့ ဖြည်းညင်းစွာရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်-အနောက်တောင်ဘက် ရေမိုင် ၇၁၅ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ ချင်းနိုင်မြို့၏ တောင်- အရှေ့တောင်ဘက် ရေမိုင် ၂၅၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟို ပြုနေသည်။ ဗဟိုချက်လေဖိအား ၉၉၉ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ ခန့်ဖြစ်သည်။

အားကောင်းသောမုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

စာမျက်နှာ ၁၂ သို့ ☸



၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၂၉ ရက်၊ သောကြာနေ့။

မန္တလေး

## ဆေးလိပ်ငွေ့ကင်းစင်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိ

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ၂၀၂၃ ခုနှစ် အချက်အလက်များအရ သွေးတိုးရောဂါ၊ ဆီးချိုသွေးချိုရောဂါ၊ နှလုံးရောဂါ၊ နာတာရှည်အဆုတ်နှင့် အသက်ရှူလမ်းကြောင်းရောဂါ၊ ကင်ဆာရောဂါအစရှိသည့် Non Communicable Diseases ခေါ်သည့် မကူးစက်နိုင်သောရောဂါများကြောင့် နှစ်စဉ် လူဦးရေ ၄၁ သန်းကျော် သေဆုံးနေရပါကြောင်း၊ သေဆုံးမှုများသည် တစ်ကမ္ဘာလုံးတွင် သေဆုံးမှုများ အားလုံး၏ ၇၄ ရာခိုင်နှုန်းကျော်ရှိနေသည်ကို တွေ့ရှိရပြီး အရွယ်မတိုင်မီသေဆုံးမှုများအားလုံး၏ ၈၀ ရာခိုင်နှုန်းကျော်ရှိနေသည်ကို တွေ့ရှိရပါကြောင်း၊ ဆေးလိပ်ဆေးရွက်ကြီးသုံးစွဲခြင်း၊ အရက်အလွန်အကျွံသောက်သုံးခြင်း၊ ကျန်းမာရေးနှင့် မညီညွတ်သည့် အစားအစာများစားသုံးခြင်း၊ ကိုယ်လက်လှုပ်ရှားမှုနည်းပါးခြင်းနှင့် လေထုညစ်ညမ်းခြင်းသည် မကူးစက်နိုင်သော ရောဂါများဖြစ်ပွားစေသည့် အဓိကအကြောင်းအရင်းများဖြစ်ကြောင်း၊ ကြိုတင်ကာကွယ်၍ရသည့် အကြောင်းအရင်းများဖြစ်သည်ကိုလည်း တွေ့ရှိရပါကြောင်း ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်းက နိုဝင်ဘာ ၂၇ ရက် နံနက်ပိုင်းတွင် နေပြည်တော် မင်္ဂလာသီရိဟိုတယ်၌ ကျင်းပသည့် ပြည်တွင်းပြည်ပခရီးသွားများ သွားလာနေထိုင်သည့်နေရာများတွင် ဆေးလိပ်ငွေ့ကင်းစင်ရေးလုပ်ငန်းဆောင်ရွက်ရန်အတွက် သုံးသပ်ဆွေးနွေးပွဲတွင် ပြောကြားခဲ့သည်။

မကူးစက်နိုင်သောရောဂါများ ဖြစ်ပွားနိုင်ခြေကို လေ့လာဆန်းစစ်ခြင်း သုတေသနအရ မြန်မာနိုင်ငံတွင် ဆေးလိပ်သောက်သုံးသူ ၂၆ ဒသမ ၁ ရာခိုင်နှုန်းရှိသည်ကို တွေ့ရှိရသည်။

ဒုတိယဝန်ကြီးက ဆက်လက်ပြောကြားရာတွင် ကမ္ဘာ့တစ်ဝန်းတွင် ဆေးလိပ်ဆေးရွက်ကြီး သုံးစွဲမှုတစ်မျိုးတည်းကြောင့် နှစ်စဉ် လူဦးရေ ရှစ်သန်းကျော် သေဆုံးနေရပြီး အဆိုပါ ရှစ်သန်းကျော်ထဲမှ လူဦးရေ ၁ ဒသမ ၂ သန်းသည် ကိုယ်တိုင်ဆေးလိပ် ဆေးရွက်ကြီးသုံးစွဲခြင်းကြောင့် မဟုတ်ဘဲ တခြားသူသောက်သုံးသည့် တစ်ဆင့်ခံဆေးလိပ်ငွေ့ (Second-hand smoke)ကြောင့် ရောဂါဖြစ်ပွားပြီး သေဆုံးနေရကြောင်းနှင့် အများစုသည် အမျိုးသမီးနှင့် ကလေးများဖြစ်နေကြောင်း၊ ဆေးလိပ်ဆေးရွက်ကြီးသုံးစွဲမှုကြောင့် သေဆုံးရမှုများသည် ဝင်ငွေအလယ်အလတ်နှင့် ဝင်ငွေနည်းပါးသောနိုင်ငံများတွင် အများစုဖြစ်ပေါ်နေသည်ကို တွေ့ရှိရပါကြောင်း ပြောကြားခဲ့သည်။

ပြည်တွင်း၊ ပြည်ပခရီးသွားများစွာ သွားလာနေထိုင်သည့်နေရာများတွင် ဆေးလိပ်ငွေ့ကင်းစင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် တက်ရောက်လာကြသူများက ဆွေးနွေးသုံးသပ်ခြင်း၊ အပြန်အလှန်ဆွေးနွေးခြင်းနှင့် အုပ်စုဖွဲ့ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

သို့ဖြစ်ရာ လူတစ်ဦး ဆေးလိပ်သောက်ပါက ၎င်းကိုယ်တိုင်က ပါးစပ်၊ နှာခေါင်းတို့မှ မှုတ်ထုတ်လိုက်သည့် ပင်မဆေးလိပ်ငွေ့ (main stream smoke) နှင့် မီးညှိထားသည့် စီးကရက်၊ ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်တို့မှ ထွက်လာသည့် ဘေးထွက်ဆေးလိပ်ငွေ့ (side steam smoke) တို့ ထွက်လာသည်။ ၎င်းဆေးလိပ်ငွေ့ နှစ်မျိုးစလုံးသည် ဆေးလိပ်သောက်သူ၏ ပတ်ဝန်းကျင်၌ လွင့်ပျံ့နေသည့် (Environmental Tobacco Smoke-ETS) ပတ်ဝန်းကျင်ဆေးလိပ်ငွေ့ဖြစ်ပြီး ကိုယ်တိုင်ဆေးလိပ်မသောက်ဘဲနှင့် သူတစ်ပါး၏ ဆေးလိပ်ငွေ့ကို ရှူနေကြရသူများမှာ တစ်ဆင့်ခံ ဆေးလိပ်သောက်သူများဖြစ်လာကြကာ ဆေးလိပ်သောက်သူများ၏ နည်းတူပင် ရောဂါများကို ရလာကာ သေဆုံးကြရခြင်းကြောင့် ဆေးလိပ်ငွေ့ကင်းစင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။




## စာဆိုတော်နေ့အထိမ်းအမှတ် ဝါသနာရှင်အဆင့် ဆောင်းပါးပြိုင်ပွဲ ဆုများ ရွေးချယ်

**ပုသိမ်ကြီး နိုဝင်ဘာ ၂၈**

မြန်မာနိုင်ငံ စာဆိုတော်နေ့ အထိမ်းအဖြစ် ပုသိမ်ကြီးမြို့နယ် စာရေးဆရာအသင်းမှ ကြီးမှူး၍ ဝါသနာရှင်အဆင့် ဆောင်းပါး ပြိုင်ပွဲ ဖိတ်ခေါ်ခဲ့ရာ ကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ အဆိုပါ ဆောင်းပါးများ ရွေးချယ်ခြင်းကို နိုဝင်ဘာ ၂၇ ရက် မွန်းလွဲ ၁ နာရီက ပုသိမ်ကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြု ပံ့သုကျီခန်းမ၌ စာရေးဆရာအသင်းဥက္ကဋ္ဌ နိုင်စေရ(မန်းတက္ကသိုလ်)နှင့် အမှုဆောင်များက စိစစ်ရွေးချယ်ကြသည်။

(အပေါ်ဝဲပုံ)

စာဆိုတော်နေ့အထိမ်းအမှတ် ဝါသနာရှင်အဆင့် ဆောင်းပါး ပြိုင်ပွဲတွင် ဆုရရှိသူများမှာ ပထမဆု မကျော့ကေခိုင်၊ ဒုတိယဆု မောင်ခန့်(မန္တလာမြေ)၊ တတိယဆု မန္တလေးအောင်ကျော်၊ အထူးဆုများအဖြစ် မြသီတာ(မြန်မာစာ)၊ ဝိုင်းကြည်ဖြူ(နောင်ချို)၊ မယုမီမီဦး(မြို့မ)၊ မောင်ထက်ဝေယံ (အောင်မင်္ဂလာ-၁)၊ ရဲလင်းအောင် (ရန်ကင်းအောင်)၊ ချစ်ရဲ(စည်သာယာ)တို့က ရရှိကြသည်။

ဆုရရှိသူများကို နတ်တော်လဆန်း ၁ ရက်နေ့တွင် စာဆိုတော်နေ့အခမ်းအနားကျင်းပမည့် ပုသိမ် ကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ပံ့သုကျီ)ခန်းမ၌ ဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ (ဝ၉၁)

## အရန်ဆန်အိတ်ရေ ၈ သိန်း စုဆောင်းထားကြောင်း MRF ဥက္ကဋ္ဌဆို

**ရန်ကုန် နိုဝင်ဘာ ၂၈**

ပို့ကုန်အခြေပြု အရန်ဆန်စနစ်အရ ဆန်တင်ပို့သူတွေရဲ့ ပါဝင်မှုနဲ့ အရန်ဆန်အိတ်ရေ ၈သိန်းခန့် စုဆောင်းထားရှိပြီးဖြစ်ကြောင်း နိုဝင်ဘာ ၂၇ ရက်က မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ရုံးတွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် (MRF)ဥက္ကဋ္ဌက ပြောကြားခဲ့သည်။

"ပို့ကုန်ဆန် ၁ တန် ပို့တိုင်း၊ ပို့တိုင်းမှာ ဆန် တစ်အိတ်(တစ်တန်၊ တစ်အိတ်)၊ ဆန်စပါးကဏ္ဍမှာရှိတဲ့ ပို့ကုန်လုပ်ငန်းရှင်တွေရဲ့ ပါဝင်မှုနဲ့ ဆောင်ရွက်ထားပါတယ်"ဟု ၎င်းက ပြောသည်။

အရန်ဆန်တွေ စုဆောင်းထားခြင်းကြောင့် လိုအပ်ချက်ရှိလာပါက ပရဟိတအသင်းအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ စက်ရုံ၊ အလုပ်ရုံတွေထံ ရောင်းချပေးလျက်ရှိသည်။

"ဆန်စပါးအသင်းချုပ်က စီးပွားရေးလုပ်တဲ့ အဖွဲ့အစည်းတော့မဟုတ်ပါဘူး။ ဒါပေမယ့် လက်ရှိအခြေအနေကြောင့်၊ ဈေးကွက်လိုအပ်ချက်ကြောင့် အရန်ဆန်ထဲကနေ ထုတ်ရောင်းပေးတာပါ"ဟု MRF ဥက္ကဋ္ဌက ဆက်လက်ပြောကြားသည်။

MRF အနေဖြင့် ယခုနှစ်မှာ အရန်ဆန်သိုလှောင်မှု ပမာဏကို တိုးမြှင့်လိုက်ပြီး အိတ်ရေ တစ်သန်းအထိ ကနဦး သိုလှောင်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်လာသည်။

သို့ဖြစ်၍ အရင်က ဆန်တစ်တန်ပို့လျှင် အရန်ဆန် တစ်အိတ်နှုန်း စုဆောင်းခဲ့သော်လည်း ယခုအခါမှာ ဆန်တစ်တန်ပို့လျှင် တစ်အိတ်ကနေ သုံးအိတ်အထိ အရန်ထားဖို့ ရည်ရွယ်ထားကြောင်း ဆိုသည်။

"မြန်မာနိုင်ငံတစ်နိုင်ငံလုံး တကယ်ဖြန့်ဖြူးဖို့အတွက် လိုအပ်ချက်က တစ်ပတ်တာအတွင်း အိတ် နှစ်သိန်း၊ သုံးသိန်းလောက်နဲ့ ဈေးကွက်တည်ငြိမ်မှုကို ထိန်းလို့ရပါတယ်"ဟု ဥက္ကဋ္ဌ ဦးရဲမင်းအောင်က ပြောသည်။

MRF အနေဖြင့် ပြန်ရောင်းရန်အတွက် လာဝယ်မည့်သူတွေကိုလည်း စိစစ်ရကြောင်း တစ်အိတ်ကို ငွေကျပ် ခုနစ်သောင်းခွဲလောက်ဖြင့် ရောင်းချပေးသည့်ဆန်သည် အပြင်မှာ ငွေကျပ် ၈ သောင်းခွဲခန့်ရှိကြောင်း၊ ပြန်ရောင်းချင်သည့်သူများသည် ဈေးသက်သာစွာ လာဝယ်ပြီး ဈေးကြီးကြီးနှင့် ပြန်ရောင်းတာမျိုး မဖြစ်အောင် တစ်ဖက်က ထိန်းကျောင်းနေကြောင်း သိရသည်။

(အပေါ်ပုံ)(မန္တလေးနေ့စဉ်-၆)



## ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာပတ်ရှိန်မြှင့်တင်ရေးပွဲတော်အကြို အခြေခံပညာအထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ ကျင်းပ



**အမရပူရ နိုဝင်ဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် ဒီဇင်ဘာ ၆ ရက်နေ့တွင် ကျင်းပမည့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်အကြို အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို ယနေ့ နံနက် ၉ နာရီခွဲက အဆိုပါကျောင်း ပင်မဆောင်စာသင်ခန်းမ၌ ကျင်းပခဲ့သည်။ (ဝဲပုံ)

အဆိုပါ စာစီစာကုံးပြိုင်ပွဲတွင် အမရပူရမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများက ဝင်ရောက်ယှဉ်ပြိုင်ကြရာ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် စာပေမြင့်မှ လူမျိုးဂုဏ်တင့်မည် ခေါင်းစဉ်ဖြင့် ကျောင်းသား၊ ကျောင်းသူ ၁၄ ဦး၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် စာအုပ်စာပေ လူ့မိတ်ဆွေခေါင်းစဉ်ဖြင့် ကျောင်းသား၊ ကျောင်းသူ ၂၀ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲများမှ ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများကို ဒီဇင်ဘာ ၆ ရက်နေ့ ကျင်းပမည့် ကျောင်းစာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်နေ့တွင် ဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**စိုးသီဟ(အမရ)**

### သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား mdydailynewspaper @gmail.com မှ တစ်ဆင့် အချိန်မီ ပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၀)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၃၉၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com
ကြော်ငြာဌာန ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊ ၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ မြန်မာနိုင်ငံ "စီးပွားရေးပညာ နှစ်(၁၀၀)"ရာပြည့်အထိမ်းအမှတ် ဂုဏ်ပြုဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြစဉ်။

»»» စာမျက်နှာ ၂၄ မှ

ယနေ့ကာလ ကမ္ဘာ့စီးပွားရေးကိုကြည့်မည်ဆိုပါက ပထဝီနိုင်ငံရေး၊ ပထဝီစီးပွားရေး အားပြိုင်မှုများ၊ ရောဂါကပ်ဘေးသက်ရောက်မှု၊ သဘာဝပတ်ဝန်းကျင်ဘေး အန္တရာယ်ထိခိုက်မှု၊ ကုန်သွယ်ရေးနှင့် ငွေကြေးဆိုင်ရာ ပြဿနာ၊ နည်းပညာပြိုင်ဆိုင်မှုများ၊ စွမ်းအင်လုံခြုံရေး အခက်အခဲ စသည်တို့ကြောင့် ပထဝီစီးပွားရေးအနေဖြင့် ကိုယ်ကျိုးစီးပွားကာကွယ်ရေးမူဝါဒကျင့်သုံးမှုများ ပိုမိုတိုးပွားလာသည်ကိုလည်း တွေ့ရကြောင်း၊ နိုင်ငံရေးနှင့် စီးပွားရေး ရောစပ်ပေါင်းယှက် ဖြစ်ပေါ်လာသည့် စီးပွားရေးအကျပ်အတည်းပြဿနာအသစ်များကို မေခရိုစီးပွားရေးပညာရပ်နှင့် နိုင်ငံရေးဘောဂဗေဒရှုထောင့်တို့ ပေါင်းစပ်ပြီး နည်းလမ်းသစ်နှင့် လေ့လာသုံးသပ်ဆောင်ရွက်ကြရန် လိုအပ်လာသည်ကို တွေ့ရှိရကြောင်း။

### နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်

ကမ္ဘာ့ပထဝီနိုင်ငံရေး၊ ပထဝီစီးပွားရေးတို့၏ အားပြိုင်မှုများကို မိမိတို့ နိုင်ငံအနေဖြင့်လည်း အနည်းနှင့်အများ သက်ရောက်ခံစားကြရကြောင်း၊ မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ နိုင်ငံတော်တာဝန်ကို စတင်ယူကတည်းက စီးပွားရေးနှင့်ပတ်သက်ပြီး အဖျက်အမှောင့်ပိတ်ဆို့ဟန့်တားမှုများစွာနှင့် အကျပ်အတည်းများကို ကျော်လွှားနိုင်ရန် နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးအတွက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို မူဝါဒများ၊ ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များချမှတ်ပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတွင်းရှိ ဒေသအားလုံး ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသခံတိုင်းရင်းသားအားလုံး၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးတို့သာမက အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်မှု အခွင့်အလမ်းများ တန်းတူညီမျှရှိစေရေး၊ ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးနိုင်ရေးတို့အတွက် အလေးထား အကောင်အထည်ဖော်ပေးနေကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် စီးပွားရေးပညာကို စွမ်းဆောင်ရည် ပြည့်ပြည့်ဝဝဖြင့် လက်တွေ့အသုံးချတတ်မှုသည်လည်း နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) အခန်း (၁)၊ ပုဒ်မ ၃၅ တွင် **"နိုင်ငံတော်၏ စီးပွားရေးစနစ်သည် ဈေးကွက်စီးပွားရေးစနစ်ဖြစ်သည်"** ဟု ပြဋ္ဌာန်းထားကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သည့်အလျောက် ဈေးကွက်အားနည်းချက် (Market Failure) များစွာရှိသည့်အတွက် အစိုးရက ပါဝင်လုပ်ဆောင်နေရသည့် အခန်းကဏ္ဍများစွာရှိနေကြောင်း၊ စီးပွားရေးပိတ်ဆို့မှုများရှိနေသေးသည့်အတွက်လည်း ထည့်သွင်းစဉ်းစားရသည့် စီးပွားရေးကိန်းရှင်များစွာ ရှိနေကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဈေးကွက်နှင့် ပုဂ္ဂလိကအခန်းကဏ္ဍသည် ပိုမိုများပြား အရေးပါလာမည်ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့ကို အမျိုးသားရေးလုပ်ငန်းစဉ် (၂)ရပ်ချမှတ်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေကြောင်း၊ ဦးတည်ချက်များ၊ ရှေ့လုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများတွင် တာဝန်ထမ်းဆောင်နေကြသူများ၊ စီးပွားရေးပညာရှင်များ၊ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးတွင် ဦးဆောင်သူများ၊ ရင်းနှီးမြှုပ်နှံသူများအားလုံးက ကျရာအခန်းကဏ္ဍမှ တက်ကြွစွာ၊ ခံနိုင်ရည်ရှိစွာ ပါဝင်အကောင်အထည်ဖော်ပေးကြရန်လည်း တိုက်တွန်းလိုကြောင်း၊ နိုင်ငံ၏အခြေခံအချက်အလက်များပေါ်တွင် မူတည်ပြီး စီးပွားရေးပညာရှင်များအနေဖြင့် နိုင်ငံ့စီးပွားရေးကို မည်သို့မည်ပုံဆောင်ရွက်သင့်သည်၊ မတူညီသည့် ဒေသအခြေအနေများပေါ် မူတည်ပြီး ဒေသအလိုက်စီးပွားရေးကို ရေတို၊ရေရှည်အတွက်မည်သို့ဆောင်ရွက်သင့်သည်ဆိုသည်ကို ဖော်ထုတ်ကြရန်လိုကြောင်း။

### လက်တွေ့ကျကျ တိုးတက်အောင် ဆောင်ရွက်

ဖွံ့ဖြိုးဆဲတိုင်းပြည်တစ်ခုသည် ဈေးကွက်ဝင်သည့် ကုန်ထုတ်လုပ်မှုမြင့်မားရန် အလွန်အရေးကြီးကြောင်း၊ အကြောင်းအမျိုးမျိုးပြပြီး ကန့်သတ်မှုမျိုးစုံကြုံတွေ့နေရသည့် မိမိတို့နိုင်ငံသည် လက်ရှိပြည်ပပို့ကုန်ကို နှစ်ဆတိုးမြှင့်ပို့နိုင်မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် အထောက်အကူရမည်ဖြစ်ကြောင်း၊ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်နေပြည်သူများဖြစ်ပြီး နိုင်ငံလူဦးရေ၏ ၄၁ ရာခိုင်နှုန်းသည် လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍများတွင် လုပ်ကိုင်နေသူများဖြစ်သည်ဟု သန်းခေါင်စာရင်း အစီရင်ခံစာတွင် တွေ့ရှိရကြောင်း၊ အဓိကကုန်ထုတ်လုပ်ငန်းသည် လယ်ယာထုတ်ကုန်နှင့် မွေးမြူရေးထုတ်ကုန်များသာဖြစ်ပြီး ပြည်နယ်၊ တိုင်းဒေသကြီးအားလုံး အခြေခံအားဖြင့် တူညီကြကြောင်း၊ အသက် ၂၅ နှစ်အထက်လူဦးရေ၏ ၅၀ ရာခိုင်နှုန်းခန့်သည် ပညာရေးအသင့်အတင့်သာရှိသောကြောင့် မိမိတို့အနေဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုများကို အလေးထားဆောင်ရွက်သင့်သည်ဆိုသည်မှာ ပေါ်လွင်နေကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏အဓိကမောင်းနှင်အားသည် စီးပွားရေးပင်ဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ယခုလက်ရှိအခြေအနေထက် တိုးတက်အောင်ဆောင်ကြဉ်းပေးရန်လိုကြောင်း၊ ထို့အပြင် ပြန်လည်ရရှိနိုင်သည့် သဘာဝကုန်ကြမ်းကို အခြေခံသော ကုန်ထုတ်လုပ်မှုများကို အားပေးကြရမည်၊ဝါ၊ ဝါးရော်ဘာကုန်ကြမ်းတို့ကို အခြေခံသည့် စက်မှုလုပ်ငန်းများကို တိုးတက်အောင် ဆောင်ရွက်ရမည်၊ ကိန်းဂဏန်းများအရ တိုးတက်မှုသာမက လက်တွေ့ကျကျတိုးတက်အောင်ဆောင်ရွက်ကြရမည်၊ အဓိကကျသည့်စိုက်ပျိုးရေးကဏ္ဍအနေဖြင့် အထွက်နှုန်းကောင်းမွန်ရေး တစ်နည်းအားဖြင့် ပန်းတိုင်ရည်မှန်းချက် ပြည့်မီကျော်လွန်ရေး၊ သီးထပ်စွမ်းအားမြှင့်တင်ရေး၊ စိုက်ဧကတိုးချဲ့ရေးမူ(၃)ရပ်ကို အခြေခံပြီး ဆောင်ရွက်ပေးနိုင်ကြရန် တိုက်တွန်းလိုကြောင်း။

မိမိတို့နိုင်ငံ GDP ၏ ၉၀ ရာခိုင်နှုန်းခန့်သည် ပုဂ္ဂလိကကဏ္ဍ၏ ထုတ်လုပ်မှုများ ဖြစ်သကဲ့သို့ နိုင်ငံ့စီးပွားရေးလုပ်ငန်းများ၏ ၉၅ ရာခိုင်နှုန်းသည်လည်း အသေးစား၊ အငယ်စားနှင့်အလတ်စား ကုန်ထုတ်လုပ်ငန်းများသာ ဖြစ်ကြကြောင်း၊ ထို့ကြောင့် ပို့ကုန်တိုးမြှင့်ရေးနှင့် သွင်းကုန်အစားထိုးရေးလုပ်ငန်းများအတွက် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးမှုနှင့် Agro-based Industry ကို အဓိကထားပြီး MSME များ ဖွံ့ဖြိုးတိုးတက်မှုတို့ကို တွဲဖက်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းများကို ပံ့ပိုးပေးလျက်ရှိကြောင်း။

ဒစ်ဂျစ်တယ်ဆိုင်ရာ နားလည်တတ်မြောက်မှု၊ စာရင်းနှင့် ငွေကြေးဆိုင်ရာ စီမံခန့်ခွဲမှုမှအစ တီထွင်ဆန်းသစ်မှု၊ ထုတ်ကုန်ဖွံ့ဖြိုးမှု၊

စာမျက်နှာ ၄ သို့ »»»



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံ"စီးပွားရေးပညာ နှစ် (၁၀၀)"ရာပြည့်အထိမ်းအမှတ်ပြခန်းများကို ကြည့်ရှုလေ့လာစဉ်။

- ❖ နိုင်ငံရေးနှင့် စီးပွားရေး ရောစပ်ပေါင်းယှက်ဖြစ်ပေါ်လာသည့် စီးပွားရေးအကျပ်အတည်း ပြဿနာအသစ်များကို မေခရိုစီးပွားရေးပညာရပ်နှင့် နိုင်ငံရေးဘောဂဗေဒရှုထောင့်တို့ ပေါင်းစပ်ပြီး နည်းလမ်းသစ်နှင့် လေ့လာသုံးသပ်ဆောင်ရွက်ကြရန် လိုအပ်
- ❖ အကြောင်းအမျိုးမျိုးပြပြီး ကန့်သတ်မှုမျိုးစုံကြုံတွေ့နေရသည့် မိမိတို့နိုင်ငံသည် လက်ရှိ ပြည်ပပို့ကုန်ကို နှစ်ဆတိုးမြှင့်ပို့နိုင်မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် အထောက်အကူရမည်

»»» စာမျက်နှာ ၃ မှ

ဈေးကွက်ချဲ့ထွင်မှုနှင့် အမှတ်တံဆိပ်မြှင့်တင်ခြင်းစသည့် စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး Business Idea များကိုလည်း ဖြန့်ဝေဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ **"ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်"** ဟူသည့်အတိုင်း မိမိတို့နိုင်ငံ၏ တိုင်းပြည်ဝင်ငွေတိုးတက်ရေးအတွက် မိမိတို့ပြည်တွင်း၌ ထုတ်လုပ်နိုင်စွမ်း(Productivity)တိုးတက်ရေး၊ အရည်အသွေးစံချိန်မီ၊







**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အခမ်းအနား တက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။**

ဈေးကွက်ရရှိရေး မိမိတို့ပြည်တွင်းအားဖြင့် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားရေးမြင့်မားလာအောင် ရိုးရိုးသားသားကြိုးစားဆောင်ရွက်သူများကို Incentive ပေးခြင်း၊ ချီးမြှင့်ခြင်းများ ပြုလုပ်သွားရမည်ဖြစ်ကြောင်း။

**စီမံကိန်းများ စနစ်တကျ ချမှတ်အကောင်အထည်ဖော်**

မိမိတို့နိုင်ငံသည် တိုင်းရင်းသားပေါင်းစုံ မှီတင်းနေထိုင်ကြပြီး သဘာဝ ဘေးအန္တရာယ်ကြောင့် သာမက လူကြောင့်ဖြစ်သည့် ဘေးအန္တရာယ်ပါ ကြုံတွေ့နေရသည့် ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုဖြစ်ကြောင်း၊ လွတ်လပ်ရေးရရှိပြီးချိန်ကစပြီး ဖွံ့ဖြိုးမှုလုပ်ငန်းများကို စီမံကိန်းများ စနစ်တကျ ချမှတ်အကောင်အထည် ဖော်ခဲ့ကြောင်း၊ သို့သော်လည်း သဘာဝဘေးနှင့် အခြားအနှောင့်အယှက်အမျိုးမျိုးကြောင့် ပျက်စီးခဲ့သည့် လူမှုစီးပွားရေးအခြေခံအဆောက်အအုံများကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများပါ လုပ်ဆောင်နေရသောကြောင့် ရင်းနှီးမြှုပ်နှံမှုများနှင့် လုပ်သားများ၏ ကြိုးပမ်းမှုများသည် ခရီးရောက်သင့်သလောက် မရောက်ခဲ့သည်ကိုလည်း တွေ့ရကြောင်း။

လက်ရှိကာလတွင်လည်း ပြန်လည်တည်ဆောက်ရေး၊ ထူထောင်ရေးနှင့် နေရာချထားရေးလုပ်ငန်းများဖြစ်သည့် Recons-truction၊ Relief၊ Rehabilitation၊ Resilience စသည်တို့ကို လုပ်ဆောင်နေရသည်မှာ အားလုံးအသိဖြစ်ကြောင်း၊ အနာဂတ် သဘာဝဘေးအန္တရာယ်များကို ခံနိုင်ရည်ရှိအောင် ကြိုတင်ကာကွယ်ရေး များကိုလည်း ဆက်လက် လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတည်ဆောက်ရေး (Nation Building) အတွက် အဓိကငွေကြေးလိုအပ်ချက်များကိုလည်း ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှုများက ဖြည့်ဆည်းပေးခဲ့ခြင်းပင်ဖြစ်ကြောင်း၊ ရာဂီမုန်တိုင်းပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင်လည်း အင်တိုက်အားတိုက် ပါဝင်လှူဒါန်းခဲ့ကြသောကြောင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များ၏ စေတနာကို ထင်ရှားစွာ လာကြသည်ကို တွေ့ရကြောင်း၊ ထိုကဲ့သို့ပြင်ဆင်ကြရာတွင် သက်ဆိုင်ရာနိုင်ငံများ၏ ပြည်တွင်းစီးပွားရေးအခြေအနေ၊ လူ့အရင်းအမြစ်၊ သယံဇာတအရင်းအမြစ်နှင့် ငွေကြေးနေအင်အား အခြေအနေအလိုက် ဆီလျော်သည့် နည်းလမ်းအမျိုးမျိုးကို ရှာဖွေချဉ်းကပ် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံအသီးသီးက စီးပွားရေးစိန်ခေါ်မှုများ သက်သာလျော့ပါးစေရေး ချဉ်းကပ်ကြိုးပမ်းဆောင်ရွက်ကြရာတွင် နိုင်ငံများအလိုက် ချဉ်းကပ်ပုံများ ကွဲပြားခြားနားကြကြောင်း၊ အထူး



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် "စီးပွားရေးပညာနှစ်(၁၀၀)" ရာပြည့်အထိမ်းအမှတ် အခမ်းအနားနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။**

မြင်တွေ့ရသည့်အတွက် ဂရုတစိုက်နှင့် မျှဝေခံစားတတ်သည့် လူ့အဖွဲ့အစည်း (Caring and Sharing Society) ဆိုသည်ကို သက်သေပြရာ ရောက်ခဲ့ကြောင်း။

အနာဂတ်တွင် တွေ့ကြုံရမည့် စီးပွားရေးနှင့် ပတ်သက်သည့် အခက်အခဲများကို ကမ္ဘာ့နိုင်ငံများအနေဖြင့် လေ့လာသုတေသနပြုပြီး သုံးသပ်တွက်ချက် ပြင်ဆင်သဖြင့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပင်ဖြစ်စေ၊ ပုဂ္ဂလိကကဏ္ဍ၌ပင်ဖြစ်စေ အကျပ်အတည်း ပြဿနာဖြေရှင်းနိုင်သည့် စွမ်းဆောင်ရည်အပေါ်မူတည်ပြီး ရလဒ်ကွာခြားနိုင်သည်ကို လေ့လာတွေ့ရှိနိုင်ကြောင်း။

စွမ်းဆောင်ရည် အခြေခံလိုအပ်ချက်များကို ပြင်ဆင်တည်ဆောက်နိုင်မှသာ နိုင်ငံအတွက် မျက်မှောက်ကာလ သာမက အနာဂတ်ကာလတွင်ပါ ဖြစ်ပေါ်လာနိုင်သည့်ဖွံ့ဖြိုးမှုအလားအလာတို့ကို ချဉ်းကပ်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့်လည်း နိုင်ငံအနာဂတ်အတွက် **"မေခရီစီးပွားရေးမူဝါဒများ"** နှင့် **"အမျိုးသား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ"** ရေးဆွဲအကောင်အထည် ဖော်နိုင်ရေး တိုက်တွန်း ပြောကြားလိုကြောင်း၊ ယင်းလုပ်ငန်းစဉ်တွင် စီးပွားရေးပညာ၏ ဉာဏစွမ်းအားများ ပါဝင်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ပထဝီနိုင်ငံရေးနှင့် ပထဝီစီးပွားရေး စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ရန် နိုင်ငံရေးဘောဂဗေဒ (Political Economy) အမြင်နှင့် လေ့လာသုတေသနပြုပြီး နိုင်ငံ၏ အနာဂတ်အတွက် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန် ဝိုင်းဝန်းကြိုးပမ်းကြပါဟု တိုက်တွန်းလိုကြောင်း။

စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတွင် လူသားအရင်းအမြစ်များစွာ လိုအပ်ပြီး အခြေခံမှစ၍ ဦးဆောင်မှုအဆင့်အထိ လုပ်တတ်၊ ကိုင်တတ်၊ မြင်တတ်ကြရန်လိုကြောင်း၊ ခေတ်အဆက်ဆက်တွင် မြန်မာနိုင်ငံ၏ စီးပွားရေးပညာရှင်များဖြစ်ကြသည့် ဆရာကြီး ဒေါက်တာလှမြင့်၊ ဒေါက်တာအေးလှိုင်၊ ဒေါက်တာမောင်ရှိန်၊ ဒေါက်တာသန်းညွန့်တို့၏ ဦးဆောင်မှုနှင့် ယခု နှစ် ၁၀၀ ကာလအတွင်း စီးပွားရေးတက္ကသိုလ် အသီးသီးမှ ဘွဲ့ရ ၉၆၆၉၆ ဦး မွေးထုတ်ပေးနိုင်ခဲ့ပြီး ယခုတက်ရောက်နေဆဲ ၁၉၀၄၂ ဦး ရှိကြောင်း၊ အဝေးသင်တက္ကသိုလ် အသီးသီးကလည်း ၁၇၀၉၃၁ ဦး မွေးထုတ်ပေးနိုင်ခဲ့ကြောင်း၊ ဒေသအလိုက် စီးပွားရေးအမြင်ရှိမည့် လူသားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ရည်ရွယ်ပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ တက္ကသိုလ်အသီးသီးတွင် ဝိဇ္ဇာဘွဲ့ (စီးပွားရေး) သင်တန်းများကို ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင်စတင်ဖွင့်လှစ်ခဲ့ပြီး ယခု သင်တန်းတက်ရောက်နေသူ ၁၇၈၆ ဦးရှိကြောင်း၊ စီးပွားရေးပညာအခြေခံ၊ စီးပွားရေးအမြင်ရှိမှသာ နိုင်ငံ့စီးပွားရေးကို ပိုမိုကောင်းမွန်အောင် ဖန်တီးနိုင်ကြမည် ဖြစ်ကြောင်း၊ မြန်မာ့စီးပွားရေးနယ်ပယ် မြင့်မားလာအောင် အဘက်ဘက်က ဦးဆောင်မှုပေးခဲ့ကြသည့် ဆရာကြီးများနှင့် စီးပွားရေးပညာရပ်နယ်ပယ်အသီးသီးမှ ဆရာကြီး ဆရာမကြီးများ အားလုံးကို ဂုဏ်ပြုပါကြောင်း။

နယ်ပယ်စုံ၊ ကဏ္ဍစုံတွင် လက်တွေ့အသုံးချနိုင်သည့် စီးပွားရေးပညာရပ်ကို **"စီးပွားရေးပညာ နှစ် ၁၀၀၊ ပြည်သူ့အကျိုး တို့သယ်ပိုး"** ဟူသည့် ဆောင်ပုဒ်နှင့်အညီ မိမိအကျိုးစီးပွား၊ မိသားစုအကျိုးစီးပွား၊ လုပ်ငန်းအကျိုးစီးပွားများမှသည် နိုင်ငံနှင့် ပြည်သူများ၏ အကျိုးစီးပွားများကိုပါ မြှင့်တင်ပေးနိုင်မည့် အတ္တ-ပရမျှတသည့် အနာဂတ်မျိုးဆက်သစ်များ၏ စီးပွားရေးဝန်းကျင်တစ်ရပ်ဖြစ်ပေါ်လာစေရေး၊ စီးပွားရေးပညာကို လက်တွေ့ကျင့်သုံးနိုင်သူများဖြစ်အောင် ကျွမ်းကျင်သူများကို မွေးထုတ်ပေးပြီး နောင်နှစ်ပေါင်းများစွာတိုင် အစွန့်ရှည်တည်တံ့စေရေးအတွက် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် အခမ်းအနားကျင်းပရေးကော်မတီ နာယက ဒေါက်တာသန်းညွန့်က ဂုဏ်ပြုစကားပြောကြားပြီး အခမ်းအနားကျင်းပရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က "စီးပွားရေးပညာနှစ်(၁၀၀)" ရာပြည့်အထိမ်းအမှတ် အခမ်းအနားနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ "စီးပွားရေးပညာနှစ်(၁၀၀)" ရာပြည့်အထိမ်းအမှတ် အခမ်းအနား ဂုဏ်ပြု တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေတင်ဆက်ကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများက စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများက ခင်းကျင်းပြသထားသည့် မြန်မာနိုင်ငံ "စီးပွားရေးပညာနှစ်(၁၀၀)" ရာပြည့်အထိမ်းအမှတ် ပြခန်းများကို ပြခန်းတစ်ခုချင်းစီအလိုက် စိတ်ဝင်တစားလှည့်လည်ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSMEs ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး နှီးနှောဖလှယ်ပွဲ အခမ်းအနား မန္တလာသီရိအားကစားကွင်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပ










**မန္တလေး နိုဝင်ဘာ ၂၈**

စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ၊ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ သီးနှံပန်းတိုင်အထွက်နှုန်း ပြည့်မီကျော်လွန်စွာထွက်ရှိပြီး တောင်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSMEs ဆိုင်ရာ နည်းပညာဗဟုသုတများ အပြန်အလှန်မျှဝေခြင်း၊ ကောင်းမွန်သည့် ဆက်သွယ်မှုကွန်ရက်ဖော်ဆောင်နိုင်ရန်၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ အရည်အသွေးမြင့် ကုန်ကြမ်းပစ္စည်းများ ရရှိနိုင်စေရန်၊ တိုင်းဒေသကြီးအစိုးရ၊ ဌာနဆိုင်ရာများ၊ တောင်သူများ၊ လုပ်ငန်းရှင်များ တွေ့ဆုံနှီးနှောဖလှယ်၍ တောင်သူများ၊ လုပ်ငန်းရှင်များ၏ အခက်အခဲများကို အကြံပြုဖြေရှင်းပေးနိုင်ရန် ရည်ရွယ်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSMEs ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှီးနှောဖလှယ်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိ အားကစားကွင်းတွင်ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ စိုက်ပျိုးရေးပညာရှင်များ၊ တိုင်းဒေသကြီးအတွင်းမှ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSMEs လုပ်ငန်းရှင်များနှင့် တောင်သူများ၊ ဖိတ်ကြားထားသူများ စုစုပေါင်း အင်အား ၁၀၀၀ ဦးကျော်တက်ရောက်ခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ နှင့်တာဝန်ရှိသူများ၊ တောင်သူဦးကြီးများနှင့် တက်ရောက်လာကြသူများက ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲမှုဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSMEs လုပ်ငန်းများနှင့် ဆက်စပ်ဌာနဆိုင်ရာနှင့် ပုဂ္ဂလိကဆိုင်ရာ ပြခန်းများစုစုပေါင်းပြခန်း ၅၉ ခန်းအား လေ့လာကြည့်ရှုခဲ့ကြသည်။

၎င်းနောက် အခမ်းအနားကို Multipurpose Stadium၌ ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ပြည်သူများ၏နေ့စဉ်လိုအပ်ချက်ဖြစ်သည့် စားရေးဝတ်ရေးအတွက် အခြေခံလိုအပ်ချက်များကို လယ်ယာကဏ္ဍမှ ဖြည့်ဆည်းပေးလျက်ရှိပြီး စိုက်ပျိုးရေးထွက်ကုန်များမှတစ်ဆင့် စက်မှုလယ်ယာလုပ်ငန်းလုပ်ကိုင်နေသူများကိုလည်း အကျိုးသက်ရောက်စေမည်ဖြစ်ပါကြောင်း၊ စားရေရိက္ခာထုတ်လုပ်မှုအတွက် သာမက စိုက်ပျိုးရေး၊ မွေးမြူရေး အခြေခံသည့် ထုတ်ကုန်များ ထုတ်လုပ်နိုင်မှုနှင့် ပို့ကုန်ကဏ္ဍတိုးတက်ဖွံ့ဖြိုးမှုကွင်းဆက်တစ်လျှောက် စနစ်တကျ ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် လိုအပ်ချက်များကိုယခုနှီးနှောဖလှယ်ပွဲတွင် ဝိုင်းဝန်းအဖြေရှာဆွေးနွေးခြင်းဖြင့်ရလဒ်ကောင်းများ ပေါ်ထွက်လာမည်ဟုမျှော်လင့်ပါကြောင်း၊ အခြားစီးပွားရေးကဏ္ဍများ၏ ထုတ်လုပ်နိုင်မှုနှင့် ဝန်ဆောင်နိုင်စွမ်းတိုးတက်ပြောင်းလဲမှုများကိုလည်း အထောက်အပံ့ဖြစ်စေနိုင်မည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးအတွင်း စပါး၊ ပြောင်း၊ ဆီထွက်၊ ပဲမျိုးစုံသီးနှံများအပြင် အခြေခံ စက်မှုကုန်ကြမ်းသီးနှံဖြစ်သည့် ဝါသီးနှံစိုက်ပျိုးထုတ်လုပ်ရေး၊ သီးနှံအမျိုးအစားအလိုက်မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးပေးနိုင်ရေး အလေးထားဆောင်ရွက်နေပါကြောင်း၊ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတွင် တောင်သူများ၏ ပေါင်းစည်းအင်အားဖြင့် သက်ဆိုင်ရာဌာနများ အချင်းအချင်းချိတ်ဆက်၍ မျိုး၊ မြေ၊ ရေ၊ နည်း နည်းလေးမျိုးကိုဟန်ချက်ညီညီ ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် ရပ်ရွာဒေသမှ တိုင်းဒေသကြီး၊ တိုင်းဒေသကြီးမှ နိုင်ငံတော်အထိ လယ်ယာကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က မိမိတို့ ယနေ့စိုက်ပျိုးထုတ်လုပ်မှုကို တိုးမြှင့်ထုတ်လုပ်ရာတွင် ပြုပြင်ပြောင်းလဲလုပ်ဆောင်နိုင်ရန်များစွာ အရေးကြီးပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် စီမံခန့်ခွဲရေး၊ စည်းရုံးရေး၊ နည်းပညာအခြေပြုသည့် နည်းလမ်းသုံးသွယ်ဖြင့် ဆောင်ရွက်ရာတွင် အချိုးအစားညီမျှစွာ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ဆောင်ရွက်ရာတွင် တောင်သူလယ်သမားများ ကိုယ်တိုင်ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရေးမှာများစွာ အရေးကြီးပါကြောင်း၊ တောင်သူများနှင့် ပညာရှင်များအကြား ကွာဟမှု မရှိစေရေး၊ ကွက်လပ်မဖြစ်စေရေးကို ယခုကဲ့သို့ ပညာရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲများကို ကျင်းပပေးလျက်ရှိပါကြောင်း၊ စိုက်ပျိုးထုတ်လုပ်မှု တိုးမြှင့်ရေးအတွက် စလယ်ဆုံး ကွင်းဆက်ဖွံ့ဖြိုးရေးကို ဂရုပြုဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီး၊ အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးတို့က

စာမျက်နှာ ၆ သို့ ➤



➤ စာမျက်နှာ ၅ မှ

တိုင်းဒေသကြီးအတွင်း မိုးစပါး၊ နွေစပါး၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ဝါ၊ ကြက်သွန်နီ စသည့် သီးနှံတို့တွင် စိုက်ပျိုးထုတ်လုပ်မှု ထူးချွန်ဆုရရှိခဲ့သည့် တောင်သူများအားဂုဏ်ပြုဆုများ ချီးမြှင့်ရာ နွေစပါး တစ်ဧကအထွက်နှုန်း ၁၅၀ ဒသမ ၃၉ တင်းဖြင့် ထူးချွန်ဆုရ ပုသိမ်ကြီးမြို့နယ်မှ တောင်သူ ဦးသိန်းအေးအားလည်းကောင်း၊ မိုးစပါး တစ်ဧကအထွက်နှုန်း ၁၁၀ တင်းဖြင့် ထူးချွန်ဆုရ ရမည်းသင်းမြို့နယ်မှတောင်သူ ဦးမောင်မောင်နိုင်အားလည်းကောင်း၊ ချည်မျှင်ရှည်ဝါ တစ်ဧကအထွက်နှုန်း ၁၁၀၀ ပိဿာဖြင့် ထူးချွန်ဆုရ ကျောက်ဆည်မြို့နယ်မှ တောင်သူ ဦးအောင်ကျော်လှိုင်အားလည်းကောင်း၊ နေကြာတစ်ဧကအထွက်နှုန်း ၅၃ ဒသမ ၉၇ တင်းဖြင့် ထူးချွန်ဆုရ ရမည်းသင်းမြို့နယ်မှ တောင်သူ ဦးအောင်စိုးမိုးအားလည်းကောင်း၊ မြေပဲတစ်ဧကအထွက်နှုန်း ၁၅၀ ဒသမ ၅၄ တင်းဖြင့် ထူးချွန်ဆုရ မတ္တရာမြို့နယ်မှ တောင်သူ ဦးမြင့်မိုးအားလည်းကောင်း၊ နှမ်း တစ်ဧကအထွက်နှုန်း ၃၀ တင်းဖြင့် ထူးချွန်ဆုရကျောက်ဆည်မြို့နယ်မှ တောင်သူ ဦးသိန်းအောင်အားလည်းကောင်း၊ ပဲစင်းငုံတစ်ဧက အထွက်နှုန်း ၂၅ ဒသမ ၇၁ တင်းဖြင့် ထူးချွန်ဆုရမလှိုင်မြို့နယ်မှ တောင်သူ ဦးစောငွေလှိုင် အားလည်းကောင်း၊ ပဲတီစိမ်း တစ်ဧကအထွက်နှုန်း ၄၀ တင်းဖြင့် ထူးချွန်ဆုရ ကျောက်ဆည်မြို့နယ်မှ တောင်သူ ဦးထိန်လင်းအားလည်းကောင်း၊ ကြက်သွန်နီ တစ်ဧကအထွက်နှုန်း ၆၄၀၀ ပိဿာဖြင့် ထူးချွန်ဆုရ မိတ္ထီလာမြို့နယ်မှတောင်သူ ဦးဝင်းနိုင်အားလည်းကောင်း ဂုဏ်ပြုဆုများနှင့် မှတ်တမ်းလွှာများ ချီးမြှင့်ခဲ့သည်။

အဆိုပါ နှီးနှောဖလှယ်ပွဲ၏ ဆွေးနွေးပွဲအစီအစဉ်ကို ဆက်လက်ကျင်းပရာ VFRDC သုတေသနတာဝန်ခံ ဒေါက်တာဝဏ္ဏထွန်းနှင့် ဒေါက်တာခင်အေးပွင့်ခိုင်တို့က Moderatorအဖြစ်ဆောင်ရွက်ပြီး ပညာရှင် ၁၇ ဦးတို့က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSMEs ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာ ခေါင်းစဉ်များအလိုက် ဆွေးနွေးခဲ့ပြီး မကွေးတိုင်းဒေသကြီး တောင်သူဖွံ့ဖြိုးရေးအသင်းအဖွဲ့မှ အတွင်းရေးမှူး တောင်သူဦးစိုးလွင်အေးကလည်း မကွေးတိုင်းဒေသကြီးအတွင်း မြို့နယ် ၉ မြို့နယ်ရှိ ကျေးရွာပေါင်း ၁၄၅ ရွာတောင်သူ ၉၀၁၂ ဦးဖြင့် ဖွဲ့စည်းထားပြီး မဟာဗျူဟာ မူဘောင်လုပ်ငန်း ၄ ရပ် ဖြစ်သည့် မျိုးကောင်းမျိုးသန့်များ လက်လှမ်းမီအောင် မျိုးကောင်းမျိုးသန့်စိုက်ပျိုးသည့် အကျိုးတော်ဆောင်တောင်သူများ ရွေးချယ်ပြီး စိုက်ပျိုးရေးသုတေသနမျိုးနှင့် မျိုးသန့်စိုက်ပျိုးထုတ်လုပ်ရောင်းချခြင်းများ၊ သွင်းအားစုဓာတ်မြေဩဇာများကို တောင်သူအစုအဖွဲ့ဖြင့် နိုင်ငံတော်က သတ်မှတ်ထားသည့် ရည်ညွှန်းဈေးဖြင့် ရရှိအောင် ချိတ်ဆက်ဝယ်ယူပေးခြင်း၊ ပုဂ္ဂလိက ဘဏ်များနှင့် ချိတ်ဆက်ပြီး တောင်သူများ အပေါင်ပစ္စည်းမပါသောဝန်ဆောင်မှုဖြင့် ချေးငွေများကို လက်လှမ်းမီအောင်ထုတ်ချေးပေးခြင်း၊ တောင်သူများစိုက်ပျိုးထွက်ရှိလာသည့် လယ်ယာထွက်သီးနှံများကို နိုင်ငံတော်က ပို့ကုန်လုပ်ငန်းရှင်များနှင့် ချိတ်ဆက်ပြီး တင်ဒါစနစ်ဖြင့် ရောင်းချပေးခြင်းများ ဆောင်ရွက်ပေးမှု၊ အခြားတိုင်းနှင့် ပြည်နယ်များတွင် ယခုကဲ့သို့ အစုအဖွဲ့များ များစွာပေါ်ပေါက်စေလိုခြင်း ဆန္ဒဖြင့် အတွေ့အကြုံများကို လည်းကောင်း၊ တက်ရောက်လာသည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ MSMEs လုပ်ငန်းရှင်များ ကလည်း ၎င်းတို့၏ လုပ်ငန်းအတွေ့အကြုံများကို လည်းကောင်းမျှဝေ ဆွေးနွေးခဲ့ကြရာတာဝန်ရှိသူများက တက်ရောက်လာကြသူတို့၏ သိလိုသည့် မေးမြန်းချက်များကို ပြန်လည်ဖြေကြား ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**
















Mandalay City Development Committee
MANDALAY
• မန္တလေးမြို့တော် သန့်ရှင်းရမည်။
• မန္တလေးမြို့တော် သာယာလှပရမည်။
• မြို့တော်နေလူထု စိတ်ချမ်းသာရမည်။

သတင်း-စာမျက်နှာ ၅













❖ စာမျက်နှာ ၂၄ မှ

ဥက္ကဋ္ဌ ဦးသင်းမောင်စိုးကို ချီးမြှင့်ပေးခဲ့ပြီး ဆုငွေကျပ်သိန်း ၁၀၀ ကို Dagon Beverage မှ General Manager ဦးအောင်လှိုင်ဝင်းက ချီးမြှင့်ပေးခဲ့သည်။

ပြိုင်ပွဲတွင် ဒုတိယဆုရခဲ့သည့် University အသင်းသည် တစ်ဦးချင်း ငွေတံဆိပ်နှင့်အတူ ဆုငွေကျပ်သိန်း ၁၅၀ ရရှိခဲ့သည်။ University အသင်းအတွက် တစ်ဦးချင်း ငွေတံဆိပ်ဆုများကို University အသင်း ဥက္ကဋ္ဌပါမောက္ခချုပ် ဒေါက်တာတင်မောင်ထွန်းက ချီးမြှင့်ပေးခဲ့ပြီး ဆုငွေကျပ်သိန်း ၁၅၀ ကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးစည်သူဝင်းက ချီးမြှင့်ပေးခဲ့သည်။

ဆက်လက်၍ ပြိုင်ပွဲတွင် ပထမရခဲ့သည့် Chinland အသင်း သည် တစ်ဦးချင်း ရွှေတံဆိပ်ဆုတံဆိပ်နှင့်အတူ ဆုငွေကျပ်သိန်း ၂၀၀ ရရှိခဲ့သည်။ Chinland အသင်းအတွက် တစ်ဦးချင်း ရွှေတံဆိပ်ဆုနှင့် ဆုငွေကျပ်သိန်း ၂၀၀ တို့ကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးခွန်နောင်မြင့်ဝေက ချီးမြှင့်ပေးခဲ့သည်။

၂၀၂၄ မြန်မာနေရှင်နယ်လိဂ်-၂ အမှတ်ပေးဘောလုံးပြိုင်ပွဲတွင် ချန်ပီယံဖြစ်ခဲ့သည့် Chinland အသင်းအတွက် ချန်ပီယံဆုဖလားကို မြန်မာနေရှင်နယ်လိဂ်ကော်မတီ ဥက္ကဋ္ဌ ဦးဇော်မင်းသိန်းက ချီးမြှင့်ပေးခဲ့သည်။

(NGB)

0-0-0-0-0

# သရက်မြို့၌ အထက(၁)ရာပြည့်သဘင်နှင့် (၃၉)ကြိမ်မြောက် အာစရိယပူဇော်ပွဲအခမ်းအနား ကျင်းပ

**သရက် နိုဝင်ဘာ ၂၈**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ အမှတ်(၁)အခြေခံပညာနှင့် စက်မှု၊စိုက်ပျိုး၊မွေးမြူရေးအထက်တန်းကျောင်း ရာပြည့်သဘင်နှင့် (၃၉)ကြိမ်မြောက် အာစရိယပူဇော်ပွဲအခမ်းအနား ကျင်းပခြင်းကို ယမန်နေ့ မွန်းလွဲ ၁ နာရီက ရာပြည့်သဘင်ခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် နိုင်ငံတော်အဆင့် ဆို၊က၊ရေး၊တီး ရွှေတံဆိပ်ဆုရှင် ကျောင်းသားဟောင်း ဦးတင်မြင့်(တက္ကသိုလ်မောင်ဆန္ဒ)ရေးစပ်ထားသော ပီတိပွင့်တွေလှိုင်တဲ့ပွဲ တေးသီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသား၊ကျောင်းသူဟောင်းများနှင့် မိတ်ဆက်ပေးကာ ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများအား ဩကာသကန်တော့ချီးဖြင့် ကန်တော့ခဲ့ကြသည်။

ထို့နောက် ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများအား ကန်တော့ငွေများဖြင့် လှူဒါန်းခဲ့ကြပြီး အထက(၁)တွင် တာဝန်ထမ်းဆောင်ခဲ့သည့် ဝန်ထမ်းဟောင်းများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

ဆက်လက်၍ ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများက ဆုပေးစကားများ ပြောကြားပေးခဲ့ ပြီး ကျောင်းသားဟောင်း ဦးခင်မောင်သန်းက ရာပြည့်မေတ္တာ တေးသီချင်းဖြင့် ဖျော်ဖြေပေးခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

၀-၀-၀-၀-၀

## အစ္စရေး-ဟစ်ဇဘိုလာ ယာယီအပစ်အခတ်ရပ်စဲမှုကြောင့် လက်ဘနွန်တောင်ပိုင်းမိသားစုများ ပြန်လည်ဆုံစည်းခွင့်ရ

**ဘေရွတ် နိုဝင်ဘာ ၂၈**

အစ္စရေး-ဟစ်ဇဘိုလာ ယာယီ အပစ်အခတ်ရပ်စဲမှုကြောင့် လက် ဘနွန်နိုင်ငံတောင်ပိုင်းရှိ မိသားစု များ ပြန်လည်ဆုံစည်းခွင့်ရခဲ့ ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

လက်ဘနွန်တောင်ပိုင်းတွင် အစ္စရေးကဒေသခံများ အိမ်ပြင်မ ထွက်ကြရန် သတိပေးတားမြစ် ထားသော်လည်း စစ်ဘေးရှောင် များ နေအိမ်အသီးသီးသို့ ပြန်ခဲ့ကြ သည်။

ထိုယာယီအပစ်အခတ်ရပ်စဲ မှုကာလကို ပိုမိုရှည်ကြာအောင် ဆွဲဆန့်ထားစေလိုသည်ဟု ကုလ သမဂ္ဂအတွင်းရေးမှူးချုပ်က တိုက် တွန်းပြောကြားခဲ့ကြောင်း သိရ သည်။

**Mon**



## ယခုနှစ် တောင်ကိုရီးယားဆောင်း အအေးလွန်ကဲ နိုင်ငံအနှံ့အပြားတွင် ဆီးနှင်းများ စံချိန်တင်ကျ

**ဆိုးလ် နိုဝင်ဘာ ၂၈**

ယခုနှစ်တောင်ကိုရီးယား ဆောင်း အအေးလွန်ကဲလျက်ရှိပြီး နိုဝင်ဘာ ၂၇ ရက်က နိုင်ငံအနှံ့ အပြားတွင် ဆီးနှင်းများစံချိန်တင် ကျခဲ့ကြောင်း စီအင်န်အေသတင်း ဌာနက ဖော်ပြသည်။

နိုဝင်ဘာ ၂၈ ရက်တွင်လည်း ဆီးနှင်းကျခြင်းမရပ်တန့်သဖြင့် ဆိုလ်းမြို့တော်နှင့် အခြားမြို့များ ရှိ ကားလမ်းများပေါ်၌ ဆီးနှင်း များကြောင့် ယာဉ်အသွားအလာ ခက်ခဲနေခဲ့သည်။

တောင်ကိုရီးယားအရှေ့ပိုင်း ဂန်းဝမ်ပြည်နယ်ရှိ ဝမ်ဂျူးမြို့သို့ သွားရာ အဝေးပြေးလမ်းမတစ် နေရာတွင် ကား ၅၃ စီး လမ်း ချော်တိမ်းမှောက်မလိုဖြစ်ကာ လူ ၁၁ ဦးထက်မနည်း ဒဏ်ရာရရှိ ခဲ့ကြောင်း ရဲတပ်ဖွဲ့က သတင်း ထုတ်ပြန်သည်။

ထိုရာသီဥတုအအေးလွန်ကဲ မှုကြောင့် ဂျွန်းဂီပြည်နယ်အတွင်း လူသုံးဦးသေဆုံးခဲ့ကြောင်း ဒေသ ဆိုင်ရာအာဏာပိုင်များက အတည် ပြုသည်။

ဆိုးလ်မြို့တော်တစ်ဝန်း ဆီး နှင်းထုထပ်စွာကျရောက်ခဲ့သဖြင့် ပြည်တွင်း၊ ပြည်ပလေကြောင်း ခရီးစဉ် ၁၄ ရာခိုင်နှုန်းကို ဆိုင်း ငံ့ထားရပြီး ၁၅ ရာခိုင်နှုန်းကို ဖျက်သိမ်းခဲ့ရကြောင်း သိရသည်။

**Mon**

0-0-0-0-0

## ဆီးရီးယားမြောက်ပိုင်း အလက်ပိုပြည်နယ်အတွင်း အစိုးရတပ်ဖွဲ့နှင့် လက်နက်ကိုင်များ တိုက်ပွဲပြင်းထန်



**ဒမတ်စကတ် နိုဝင်ဘာ ၂၈**

ဆီးရီးယားနိုင်ငံမြောက်ပိုင်း အလက်ပိုပြည်နယ်အတွင်း အစိုးရ တပ်ဖွဲ့နှင့် လက်နက်ကိုင်များ အကြား နိုဝင်ဘာ ၂၇ ရက်က တိုက်ပွဲပြင်းထန်စွာဖြစ်ပွားကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြ သည်။

ထိုတိုက်ပွဲတွင် နှစ်ဖက်စလုံး လူပေါင်း ၁၃၂ ဦးထက်မနည်းကျ ဆုံးခဲ့ကြောင်း ဗြိတိန်အခြေစိုက် ဆီးရီးယားလူ့အခွင့်အရေးစောင့် ကြည့်အဖွဲ့က အတည်ပြုသတင်း ထုတ်ပြန်သည်။

ဆီးရီးယားအစိုးရတပ်မတော် တပ်ဖွဲ့ဝင်များဘက်မှ ထိခိုက်ကျ ဆုံးမှုပမာဏများပြားကြောင်း ထို သတင်းထုတ်ပြန်ချက်တွင် ဖော်ပြ သည်။

လက်နက်ကိုင်အကြမ်းဖက် သမားများက လက်နက်အင်အား ပိုမိုသုံးစွဲခဲ့ရာမှ မိမိတို့တပ်ဖွဲ့ဝင် များ ထိခိုက်ကျဆုံးမှုမြင့်တက် ခဲ့ခြင်းဖြစ်ကြောင်း ဆီးရီးယား တပ်မတော်ဘက်က ဝန်ခံခဲ့သည်။

အိတ်ချ်တီအက်စ်နှင့် အခြား လက်နက်ကိုင်အကြမ်းဖက်အုပ် စုများ ပူးပေါင်းကာ အလက်ပို မြို့ရှိ အစိုးရစစ်စခန်းများကို ဝင် တိုက်ရာမှ တိုက်ပွဲပြင်းထန်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**Mon**



## ထရမ့်လျာထားပြီးသော အစိုးရအဖွဲ့ဝင်အချို့ ဗုံးခွဲတိုက်ခိုက်မည်ဟု ခြိမ်းခြောက်ခြင်းခံခဲ့ရ

**ဝါရှင်တန် နိုဝင်ဘာ ၂၈**

ဒေါ်နယ်လ်ထရမ့်လျာထား ပြီးသော အစိုးရအဖွဲ့ဝင်များ အနက်မှအချို့ ဗုံးခွဲတိုက်ခိုက် မည်ဟု ယခုအပတ်အတွင်း ခြိမ်း ခြောက်ခြင်းခံခဲ့ရကြောင်း ဘီဘီစီ သတင်းဌာနက ဖော်ပြသည်။

လိုရီချာဗက်ဇ်ဒေရေမာ၊ လီဇဲလ်ဒင်နှင့် အယ်လိစ်စတေ ဖနစ်အပါအဝင် ထရမ့်၏အစိုးရ အဖွဲ့ဝင် ဝန်ကြီး ၉ ဦးထက်မနည်း ဗုံးခြိမ်းခြောက်ခြင်းခံခဲ့ရသည်ဟု အက်ဖ်ဘီအိုင်အဖွဲ့က ထုတ်ပြန် ကြေညာသည်။

မသမာသူများက တယ်လီ ဖုန်းဖြင့် ဆက်သွယ်ပြီးခြိမ်း ခြောက်ခဲ့ခြင်းဖြစ်ရာ ၎င်းတို့ကို လက်ရဖမ်းဆီးနိုင်ရန်နှင့် ခြိမ်း ခြောက်ခံရသူများကို အကာအ ကွယ်ပေးရန် သက်ဆိုင်ရာက စီစဉ်ထားသည်။

အဆိုပါဝန်ကြီးအဖွဲ့ဝင်များ ကိုသာမက မိသားစုဝင်များကိုပါ ဗုံးဖြင့် တိုက်ခိုက်မည်ဟု ခြိမ်းခြောက် ခံခဲ့ရခြင်းဖြစ်ကြောင်း အက်ဖ်ဘီအိုင်အဖွဲ့ပြောခွင့်ရသူက ရှင်းပြသည်။

စီအိုင်အေအဖွဲ့ ညွှန်ကြား ရေးမှူးအဖြစ် လျာထားခြင်းခံ ရသော ဂျွန်ရတ်ကလိဖ်ပင်လျှင် ခြိမ်းခြောက်ခံရသူများထဲတွင် ပါဝင်ခဲ့ကြောင်း သိရသည်။

**Mon**

0-0-0-0-0



## အမေရိကန်ပြည်ထောင်စုသို့ နိုင်ငံကူးပြောင်းရာတွင် မက္ကဆီကိုဘက်မှ ဖြတ်သန်းခွင့်ပြုတော့မည် မဟုတ်

**မက္ကဆီကိုစီတီး နိုဝင်ဘာ ၂၈**

မည်သည့်နိုင်ငံသားမဆို အမေရိကန်ပြည်ထောင်စုသို့ နိုင်ငံ ကူးပြောင်းရာတွင် မက္ကဆီကို ဘက်မှ ဖြတ်သန်းခွင့်ပြုတော့မည် မဟုတ်ဟု မက္ကဆီကို သမ္မတက လော်ဒီယာရှိန်ဘောင်းက အတည် ပြုပြောကြားလိုက်ကြောင်း စီအင်န် အေသတင်းဌာနက ဖော်ပြသည်။

၂၀၂၄ ခုနှစ်အမေရိကန် သမ္မတရွေးကောက်ပွဲတွင် အနိုင် ရထားသော ဒေါ်နယ်လ်ထရမ့်က တယ်လီဖုန်းဖြင့် ဆက်သွယ်ပြော ကြားစဉ် မက္ကဆီကိုသမ္မတက လိုက်လျောသဘောတူညီခဲ့ခြင်း ဖြစ်သည်။

မိမိအာဏာရလျှင် မက္ကဆီ ကိုနိုင်ငံမှ သွင်းကုန်များအပေါ် အခွန်အတုပ် ၂၅ ရာခိုင်နှုန်း ကောက်ခံသွားမည်ဟု ယခုအပတ် စောစောပိုင်းတွင် ထရမ့်ကထုတ် ဖော်ပြောကြားပြီးနောက် ၎င်းနှင့် မက္ကဆီကိုသမ္မတကလော်ဒီယာ ရှိန်ဘောင်းတို့နှစ်ဦး တယ်လီဖုန်းမှ တစ်ဆင့်ဆက်သွယ်ပြောဆိုခဲ့ခြင်း ဖြစ်သည်။

အမေရိကန်ဘက်က အခွန် အတုပ်ကို ထိုသို့တိုးမြှင့်မည်ဆို လျှင် မိမိတို့မက္ကဆီကိုနိုင်ငံဘက် ကလည်း အခွန်တန်ပြန်တိုးမြှင့်မှု ပြုလုပ်သွားရလိမ့်မည်ဟု သမ္မတ ရှိန်ဘောင်းက ထုတ်ဖော်ပြော ကြားကြောင်း သိရသည်။

**Mon**

**STOP AIDS**

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ



## အမေရိကန်နှင့် တရုတ် နှစ်နိုင်ငံအကြား အပြန်အလှန် အကျဉ်းသားဖလှယ်ခဲ့ကြ

**ဝါရှင်တန် နိုဝင်ဘာ ၂၈**

အမေရိကန်နှင့်တရုတ် နှစ် နိုင်ငံအကြား နိုဝင်ဘာ ၂၇ ရက် က အပြန်အလှန် အကျဉ်းသား ဖလှယ်ခဲ့ကြကြောင်း ဘီဘီစီ သတင်းဌာနက ဖော်ပြသည်။

တစ်ဖက်စီတွင် ဖမ်းဆီး ထားသော အကျဉ်းသားသုံးဦးစီ ကို ဖလှယ်ခဲ့ကြခြင်းဖြစ်ကြောင်း နှစ်နိုင်ငံစလုံးက အတည်ပြုကြေ ညာသည်။

အမေရိကန်ပြည်ထောင်စုတွင် မှားယွင်းဖမ်းဆီးခံထားရသော မိမိတို့ တရုတ်နိုင်ငံသားသုံးဦး လွတ်မြောက်စေရန် ထိုသို့စီစဉ် ဆောင်ရွက်ခဲ့ရခြင်းဖြစ်သည်ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရသူ မာအိုနင်းက ရှင်း လင်းပြောကြားကြောင်း သိရ သည်။

**Mon**

**မလေးရှားနိုင်ငံ အရှေ့မြောက်ပိုင်း ကေလန်တန်ပြည်နယ် အတွင်း မိုးသည်းထန်ရေကြီးနေသဖြင့် ရေဘေးသင့်သူများကို နိုဝင်ဘာ ၂၈ ရက်က ကယ်ဆယ်ရေးသမားများ သွားရောက် ကယ်ဆယ်နေကြစဉ်။**

**Mon**





## လူကုန်ကူးမှုအန္တရာယ်အသိပညာပေးဟောပြောပွဲ ကျင်းပ

**တပ်ကုန်း နိုဝင်ဘာ ၂၈**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်တပ်ကုန်းမြို့နယ် ဆရာစံရပ်ကွက်၊ အခြေခံပညာအလယ်တန်းကျောင်းတွင် ကျောင်းသား၊ ကျောင်းသူများ လူကုန်ကူးမှုအန္တရာယ်များ ပိုမိုသိရှိစေရန် ရည်ရွယ်ပြီး အမှတ်(၃)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စိတ်မှ ဦးဆောင်၍ လူကုန်ကူးမှုအန္တရာယ်အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက် ၉ နာရီခွဲက အဆိုပါကျောင်းစာသင်ဆောင်တွင် ကျင်းပခဲ့သည်။

အဆိုပါ ဟောပြောပွဲတွင် အမှတ်(၃) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စိတ်မှ ရဲအုပ်ဝေဖြိုးဦးက လူကုန်ကူးမှုနှင့်လူမှောင်ခိုမှုနှင့် ကွဲပြားခြားနားချက်များ၊ ရွှေ့ပြောင်းသွားအလုပ်လုပ်ကိုင်ရာမှ ကြုံတွေ့နိုင်မည့်အခက်အခဲများ၊ ရှောင်ရန်၊ ဆောင်ရန်အချက်များ၊ အရှေ့တောင်အာရှဒေသအတွင်း လတ်တလောဖြစ်ပွားနေသည့် Online မှ လူကုန်ကူးမှုကျူးလွန်ပုံ၊ ကျူးလွန်နည်းနှင့် ဆက်သွယ်ဆောင်ရွက်နေမှုများ၊ လူကုန်ကူးမှုဖြစ်စဉ်များနှင့် ပြစ်မှုပြစ်ဒဏ်များ၊ လူကုန်ကူးသူ လူပွဲစားများ၏ စည်းရုံးပုံများ ရှင်းလင်းဟောပြောခဲ့ပြီး၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်းသိရပြီး၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**မြို့နယ်(ပြန်/ဆက်)**

၀-၀-၀-၀-၀-၀-၀

၀-၀-၀-၀

## အမှတ်(၂၄)အခြေခံပညာအထက်တန်းကျောင်းခွဲတွင် မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်အသိပညာပေး ဟောပြော

**မန္တလေး နိုဝင်ဘာ ၂၈**

အခြေခံပညာဦးစီးဌာန၊ ၂၀၂၄- ၂၀၂၅ ပညာသင်နှစ်၊ မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးနှင့် မြန်မာနိုင်ငံမူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်ရေးအသင်း (ဗဟို)(AEDA-Mdy)တို့ ပူးပေါင်းကျင်းပသော မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ် အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၂၆ ရက် နံနက် ၉ နာရီခွဲက မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ အမှတ်(၂၄)အခြေခံပညာအထက်တန်းကျောင်းခွဲတွင် ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီးက အဖွင့်အမှာစကား ပြောကြားပြီး အသင်းဥက္ကဋ္ဌ ဦးဝင်းမြင့်က ဟောပြောပွဲကျင်းပရသည့် ရည်ရွယ်ချက်အား ပြောကြားသည်။

ထို့နောက် မူးယစ်သမိုင်းကြောင်းကို အသင်းအမှုဆောင် ဒေါ်ခင်မေပိုင်ကလည်းကောင်း၊ မူးယစ်ဆေးဝါးအမျိုးအစားနှင့်ဆိုးကျိုးအန္တရာယ်များကို အသင်းတွဲဖက်အတွင်းရေးမှူး ဦးသန့်ဇင်ကလည်းကောင်း အသိပညာပေးဟောပြောကြပြီး တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများအား မူးယစ်ဆေးဆိုင်ရာ မေးခွန်းများ မေးမြန်းလျက် ဖြေဆိုသည့် ကျောင်းသား၊ ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ကြပြီး ကျောင်းသား၊ ကျောင်းသူများက မူးယစ်ဆေးဝါး မသုံးစွဲရေးအတွက် သန္နိဋ္ဌာန်များ ရွတ်ဆိုကြကြောင်း သိရသည်။

(အောက်ပုံ)(၀၇၀)



# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ ယာဉ်အပိုပစ္စည်းများနှင့် ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၂၈**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၂၄ ရက်တွင် ရွှေပြည်သာမြို့နယ် ရွှေမဲဆိပ်ကမ်း၌ ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့ ဆိုက်ကပ်လာသည့် ရေယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်ထားတက်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း သုံးမျိုးကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ တိုက်ကြီးမြို့နယ်၊ တဘူးလှဆည်အနီး၌ တရားမဝင်အခြားသစ် ၃ ဒသမ ၆၇၀တန် ကို သစ်တောဥပဒေအရလည်းကောင်း၊ နိုဝင်ဘာလ ၂၆ရက်တွင် တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၌ လိုင်စင်မဲ့Toyota Crown ယာဉ်တစ်စီးကို ပို့ကုန်သွင်းကုန် ဥပဒေအရ လည်းကောင်း သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ နိုဝင်ဘာ ၂၆ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာရစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်းလေးမျိုးကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဟိုပင်မြို့ပြည်ထောင်စုလမ်းမကြီးဟိုပင်တိုးဂိတ်၌ လိုင်စင်မဲ့ယာဉ်ငါးစီးကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြစ်ငယ်စစ်ဆေးရေးစခန်း၌ ရန်ကုန်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုးနှင့် လူသုံးကုန်ပစ္စည်းတစ်မျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Sun Long Bus တစ်စီးကိုလည်းကောင်း၊ ရတနာပုံတံတား (မန္တလေး)စစ်ဆေးရေးစခန်း၌ ရွှေဘိုမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းကိုးမျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Misubishi Fuso Truck တစ်စီးကိုလည်းကောင်း၊ ကျောက်ဆည်မြို့နယ် ဟန်မြင့်မိုရ်၏ ရွာနှင့် သံရွာအနီး၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၂၂ မျိုးနှင့်အဆိုပါ ပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီးကိုလည်းကောင်း၊ ရန်ကုန်မန္တလေးအမြန်လမ်း၊ မိုင်တိုင်အမှတ် ၃၅၂ မိုင်၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ယာဉ်အပိုပစ္စည်းတစ်မျိုးနှင့် အဆိုပါပစ္စည်းတင်ဆောင်လာသည့် Nissan Condor Truck တစ်စီးကိုလည်းကောင်း၊ ပြည်ကြီးတံခွန်မြို့နယ်၊ တံခွန်တိုင်အဝိုင်းအနီး၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက် စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုးနှင့်အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Higer Bus တစ်စီးကိုလည်းကောင်း၊ မြစ်ငယ်တိုးဂိတ်အနီး၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ယာဉ်အပိုပစ္စည်း ၁၃ မျိုး၊ လုပ်ငန်းသုံးပစ္စည်းလေးမျိုးနှင့်အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Dong Feng Tractor Head တစ်စီးနှင့်နောက်တွဲယာဉ်တစ်တွဲကိုလည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လိုက်လံအသိပေးနှိုးဆော်ခြင်းများ ဆောင်ရွက်

**ဆင်ပေါင်ဝဲ နိုဝင်ဘာ ၂၈**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ် မီးသတ်ဦးစီးဌာနမှ ပြည်သူများ မီးဘေးအန္တရာယ်မှ ကင်းဝေးစေရန်နှင့် မီးဘေးသတိရှိစေရန် ရည်ရွယ်၍ မီးဘေးအန္တရာယ်ကြိုတင် ကာကွယ်ရေးအတွက် နိုဝင်ဘာ ၂၇ ရက် ညနေ ၄ နာရီခွဲက မြို့ပေါ်ရပ်ကွက်များသို့ အသံချဲ့စက်ဖြင့် လိုက်လံအသိပေးနှိုးဆော်ခြင်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအသိပေး နှိုးဆော်ခြင်းကို မြို့နယ်မီးသတ်ဦးစီးဌာနတပ်ကြပ်ကြီး ဦးကိုကိုမောင် ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက ရပ်ကွက်အတွင်းရှိ လမ်း များတွင် မီးသတ်ယာဉ်ဖြင့် လှည့်လည်၍ မီးဘေးအန္တရာယ်ကင်းဝေးစေရေး သတိပြုလိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များအား အသိပညာပေးနှိုးဆော်ခြင်း၊ မီးလောင်မှု၊ မီးလန့်မှုများ လျော့နည်းပပျောက်စေရေးအတွက် မီးသတိပေးဆော်ဩခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

၀-၀-၀-၀-၀-၀-၀

၀-၀-၀-၀



အားကစားမြင့်တင် စိတ်လန်းရွှင်
ဆန့်ကျင်မူးယစ်ဆေး။



## ညောင်ဦးမြို့နယ်၌ ပျားရည်ဈေးကောင်း၍ ပျားရည်ရှာဖွေရောင်းချသူများ ဝင်ငွေတိုးပွား



**ညောင်ဦး နိုဝင်ဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး ၊ ညောင်ဦးမြို့နယ်တွင် ပျားရည်ဈေးကောင်းရရှိနေခြင်းကြောင့် ပျားရည်ရှာဖွေရောင်းချသူများ ဝင်ငွေကောင်းမွန်ကာ လုပ်ငန်းအဆင်ပြေလျက်ရှိကြောင်း သိရသည်။

ညောင်ဦးမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် တောင်ယာစိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းကိုသာ အဓိကစီးပွားဖြစ်လုပ်ကိုင်ကြပြီး အားလပ်ချိန်များတွင် ဒေသခံတောင်သူအချို့က တစ်ဖက်တစ်လမ်းမှ မိသားစုဝင်ငွေတိုးပွားရေးအတွက် ပျားအုံများကိုရှာဖွေကာ ပျားရည်ထုတ်ယူရောင်းချခြင်းများကို လုပ်ကိုင်ကြရာ ပျားရည်တစ်ပုလင်း လျှင်ငွေကျပ်၁၆၀၀၀ ဈေးဖြင့် ရောင်းချရ၍ ဈေးကောင်းရရှိကာ လုပ်ငန်းအဆင်ပြေလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ အညာကျေးလက်ဒေသတွေမှာ မိုးကောင်းသောက်စနစ်နဲ့ တောင်ယာစိုက်ပျိုးရေးလုပ်ငန်းနဲ့ တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်းကိုသာ အဓိက လုပ်ကိုင်ကြတာပါ။ တောင်ယာလုပ်ငန်းခွင် အားလပ်ရက်အချိန်တွေမှာ အချို့ကျေးရွာတွေမှာ တောင်သူတွေက ပျားရည်ဈေးကောင်းရရှိတဲ့အတွက် ပျားအုံများကို ရှာဖွေပြီး ပျားရည်ထုတ်ယူရောင်းချတဲ့လုပ်ငန်းကို လုပ်ကိုင်ကြပါတယ်။ ပျားအုံကလဲ မိုးတွင်းကာလဆိုရင် ပျားရည်အထွက်နှုန်းလျော့နည်းပြီး ဆောင်းရာသီကာလမှာ ရရှိတဲ့ ပျားအုံများသာလျှင် ပျားရည်အထွက်နှုန်းကောင်းပြီး ပျားရည်အရသာလဲ ကောင်းမွန်ကာ ဆေးဖက်ဝင်ပျားရည်စစ်စစ်ကို ရရှိပါတယ်။ တစ်နေ့ကို အနည်းဆုံး ပျားရည်(၄)ပုလင်းမှ (၆)ပုလင်းအထိ ရှာဖွေရရှိပါတယ်။ လက်ရှိမှာ ပျားရည်ဈေးနှုန်းက တစ်ပုလင်းကို ငွေကျပ် ၁၆၀၀၀ ဈေးနဲ့ ရောင်းချနေရပါတယ်။ ပျားရည်ဈေးကောင်းရရှိတဲ့အတွက် ပျားရှာဖွေကြသူများ လုပ်ငန်းအဆင်ပြေနေကြပါတယ်"ဟု ညောင်ဦးမြို့နယ် ဖြူကြီးကျေးရွာမှ တစ်ပိုင်တစ်နိုင် ပျားရည်ရှာဖွေရောင်းသူ ဦးကျော်ဆင့်က ပြောသည်။ **(အပေါ်ဓါတ်ပုံ)**

ညောင်ဦးမြို့နယ်အတွင်းရှိ အညာကျေးလက်ဒေသများတွင် ပျားရည်ရှာဖွေသူများသည် ပျားနှမ်းခြောင်း ၊ ပျားကြီးအုံ ၊ ပစ်သုန်းပျား၊ ပရင်း(ယင်း)ပျားအုံများကို ရှာဖွေရောင်းချကြပြီး ပျားရည်ရှာဖွေခြင်းလုပ်ငန်းကို ဆောင်းရာသီကာလ တန်ဆောင်မုန်းလတွင် စတင်လုပ်ကိုင်ကြကြောင်း ယခုနှစ်တွင် ပျားရည်ဈေးကောင်းမွန်ကာ ပျားရည်ရှာဖွေရောင်းချသူများ လုပ်ငန်းအဆင်ပြေလျက်ရှိကြောင်း သိရသည်။

(၄၄၅)

## သရက်မြို့၌ ဆုံဆို့၊ မေးခိုင်ကာကွယ်ဆေးနှင့် သားအိမ်ခေါင်းကင်ဆာ ရောဂါကာကွယ်ဆေး ကျောင်းအခြေပြု ထိုးနှံပေးလျက်ရှိ

**သရက် နိုဝင်ဘာ ၂၈**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ဆုံဆို့၊ မေးခိုင်ကာကွယ်ဆေးနှင့် သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေး ကျောင်းအခြေပြု ထိုးနှံခြင်းနှင့် အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက် ၁၁ နာရီက ရုံးရပ်အခြေခံပညာမူလတန်းကျောင်းတွင် ပြုလုပ်ခဲ့သည်။ **(အောက်ပုံ)**

အဆိုပါ အခမ်းအနားတွင် သားဖွားဆရာမ ဒေါ်မြင့်မြင့်ဆေ က ကျောင်းသား၊ ကျောင်းသူများ အသိပညာပေးပြောကြားရာတွင် ကာကွယ်ဆေးထိုးရန် မသင့်သော အခြေအနေများနှင့်ပတ်သက်၍ အကျယ်တဝင့် ပြောကြားပေးခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများအား ကျန်းမာရေးဝန်ထမ်းများက ဆုံဆို့ မေးခိုင်ကာကွယ်ဆေးနှင့် သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးနေမှုအား မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ဇော်ဝမ်းထွန်း(အောင်လံ)**



## ဆော်ဒီအာရေဗျနိုင်ငံ Dammam မြို့တွင် အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူတစ်ဦးအား အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်

**ရန်ကုန် နိုဝင်ဘာ ၂၈**

နိုင်ငံတော်အစိုးရ အနေဖြင့် ပြည်ပတွင် ရောက်ရှိနေသည့် အမိနိုင်ငံသားများ အခက်အခဲကြုံတွေ့ရပါက နိုင်ငံသားများအပေါ် အလေးအနက် တန်ဖိုးထားသည့် အနေဖြင့်မည်သို့သောအခြေအနေနှင့်တွေ့ကြုံရသည်ဖြစ်စေ မြန်မာသံရုံး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးနှင့် သက်ဆိုင်ရာ သံရုံးများ ချိတ်ဆက်၍ အမိနိုင်ငံသားများ မြန်မာနိုင်ငံသို့ အမြန်ဆုံးအေးချမ်း လုံခြုံစွာ ပြန်လည်ရောက်ရှိနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ဆော်ဒီအာရေဗျနိုင်ငံ Dammam မြို့တွင် အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့နေရသည့်မြန်မာနိုင်ငံသူ မပြည့်သဇ္ဇာချိုအား အမိနိုင်ငံသို့ အမြန်ဆုံး ပြန်လည် ပို့ဆောင်နိုင်ရန် မြန်မာသံရုံးအနေဖြင့် ကူညီဆောင်ရွက်ပေးခဲ့ပြီး နိုဝင်ဘာ ၂၆ ရက်တွင် ဆော်ဒီအာရေဗျနိုင်ငံ ရီရတ်ဒ်မြို့မှထွက်ခွာခဲ့ပြီး ယမန်နေ့



ည ၉ နာရီ ၃၅ မိနစ်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့သည်။

နိုင်ငံတော်အစိုးရ အနေဖြင့် ပြည်ပ၌ အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ရသည့်မြန်မာနိုင်ငံသားများအား မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့မှ ညှိနှိုင်းကူညီ ဆောင်ရွက်မှုဖြင့် အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိသည့်အတွက် နိုင်ငံတော်အစိုးရ မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့ကို အလုပ်သမားနှင့် မိဘဆွေမျိုးများက လှိုက်လှဲစွာ အထူးကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။

**ညိမ်းသူ (သတင်းစဉ်)**

**ဓာတ်ပုံ-ကနူး**

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ်အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံအကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၂၈**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နိုဝင်ဘာ ၂၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Ko Oo" Telegram အကောင့်နှင့် "Ko Oo" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ပြည်ကြီးမျက်မှန်ရပ်ကွက်နေ ကျော်မင်းဦး(ခ)ကိုဦးအား မွန်းလွဲ ၁ နာရီ ၁ဝ မိနစ်တွင်လည်းကောင်း၊ "JOHN"TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၁၆)ရပ်ကွက်နေ ထူးမြတ်အောင်အား ညနေ ၄ နာရီခွဲတွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




## လယ်ဒိုမြို့နယ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီး၊ ဒရုန်းများဖြင့် တိုက်ခိုက်ခြင်းကြောင့် ပြည်သူခြောက်ဦး ထိခိုက်ဒဏ်ရာရပြီး ပြည်သူတစ်ဦးကို ဖမ်းဆီးသွားကြောင်း သတင်းမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၈**

ပဲခူးတိုင်းဒေသကြီး လယ်ဒိုမြို့နယ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီး၊ ဒရုန်းများဖြင့် တိုက်ခိုက်ခြင်းကြောင့် ပြည်သူခြောက်ဦးထိခိုက်ဒဏ်ရာရပြီး ပြည်သူတစ်ဦးကို ဖမ်းဆီးသွားကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

**မှန်ကန်မှုမရှိ**

အဆိုပါ သတင်းနှင့်ပတ်သက်၍ ဒေသခံပြည်သူတစ်ဦးနှင့် လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ အဆိုပါသတင်းမှာ သတင်းမှားသာဖြစ်ပြီး မှန်ကန်မှုမရှိကြောင်း၊ အဆိုပါမြို့နယ်အနီးရှိ ကျေးရွာများတစ်ဝိုက်၌ အကြမ်းဖက်သမားများ တရားမဝင်ဝင်ရောက်ခိုအောင်း နေထိုင်လျက်ရှိကြောင်း တာဝန်သိပြည်သူများက လုံခြုံရေးတပ်ဖွဲ့ဝင်များထံ ဆက်သွယ်အကြောင်းကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်နယ်မြေလုံခြုံရေးလုပ်ငန်းများ လာရောက်လုပ်ဆောင်စဉ် အကြမ်းဖက်သမားများက လက်နက်ကြီးများ၊ ဒရုန်းများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ လက်နက်ကြီးကျည်များသည် ကျေးရွာအတွင်းကျရောက်ပေါက်ကွဲခဲ့သဖြင့် ပြည်သူအချို့ထိခိုက်၊ သေဆုံးဒဏ်ရာရရှိခဲ့ကြောင်းနှင့် တရားမဝင်ပြည်ဖျက်မီဒီယာများက ယခုကဲ့သို့ အကြမ်းဖက်သမားများ၏ လူမဆန်သည့်လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် နယ်မြေတည်ငြိမ်အေးချမ်းရေး ဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူလူထုက အထင်အမြင်လွဲမှားစေရန် ရည်ရွယ်၍ သတင်းမှားများအား ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# Grade 11 နှင့် Grade 12 ဆရာများအတွက် ဥပဒေအသိပညာ ပြန့်ပွားရေးဆရာဖြစ်သင်တန်း သင်တန်းဆင်းအခမ်းအနား ကျင်းပ

**မန္တလေး နိုဝင်ဘာ ၂၈**

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ဥပဒေရေးရာဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် Grade 11 နှင့် Grade 12 ဆရာများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းအမှတ်စဉ်(၁) သင်တန်းဆင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းက မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးပညာရေးဒီဂရီကောလိပ်တွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် တိုင်းဒေသကြီးဥပဒေချုပ် ဦးမြင့်အောင်၊ တိုင်းဒေသကြီးဥပဒေအရာရှိ ဦးအေးသိန်း၊ တိုင်းဒေသကြီး ပညာရေးမှူး ဦးကျော်မိုးထွန်း၊ မန္တလေးတိုင်းဒေသကြီးဥပဒေချုပ်ရုံးမှ သင်တန်းနည်းပြဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဥပဒေချုပ်က သင်တန်းဆင်းအမှာစကားပြောကြားခြင်း၊ သင်တန်းတွင် ထူးချွန်ဆုရရှိသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ပြီး၊ တိုင်းဒေသကြီးဥပဒေအရာရှိနှင့် တိုင်းဒေသကြီး ပညာရေးမှူးတို့က သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်ခဲ့သည်။

ဆက်လက်၍ ပြင်ဦးလွင်မြို့နယ်၊ ဝက်ဝံအခြေခံပညာအထက်တန်းကျောင်းမှ အထက်တန်းပြဆရာ ဦးအောင်ကျော်က ဥပဒေအသိပညာပြန့်ပွားရေးဆရာဖြစ်သင်တန်း တက်ရောက်ခဲ့ရခြင်းနှင့် စပ်လျဉ်း၍ ကျေးဇူးတင်စကားပြောကြားခဲ့သည်။

သင်တန်းအား ၁၀ ရက်တာ ကာလအတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင် ဥပဒေဘာသာရပ် ခုနစ်ခု ပို့ချခဲ့ပြီး၊ အခြေခံပညာအထက်တန်းကျောင်းများမှ ဆရာ၊ ဆရာမ စုစုပေါင်း ၃၃၇ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-ဇ)**




## ဈေးသည်များအား စည်းကမ်းချက်နှင့်အညီ နေရာသတ်မှတ်ပေးပြီး (Mobile System)ဖြင့် ရောင်းချခွင့်ပြု

**မြစ်သား နိုဝင်ဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့ ဗိုလ်ချုပ်လမ်းမကြီးရှိ ကမ္ဘောဇဘဏ်လမ်းဆုံမှ စစ်ကဲဘုရားလမ်းအထိ လမ်းဘေး ဝဲ၊ ယာ တစ်လျှောက် ဈေးရောင်းချလိုသူ ၃၇ ဦးအား ယမန်နေ့ မွန်းလွဲပိုင်းက သတ်မှတ်စည်းကမ်းချက်များနှင့်အညီ စနစ်တကျရောင်းချနိုင်ရန်အတွက် ရောင်းချခွင့်ပြုခြင်း ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ရောင်းချခွင့်ပြုကြောင်း ဆောင်ရွက်ရာတွင် မြစ်သားမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်းဦးဆောင်ပြီး ဈေးရောင်းချသူများကို စနစ်တကျရောင်းချရန်စေရန်နှင့် ထုတ်ပြန်ထားသည့် စည်းကမ်းချက်များနှင့်အညီ သတ်မှတ်ထားသည့် နေရာများတွင် (Mobile System) ရွှေ့လျားပြောင်းရွှေ့ရောင်းချခြင်းစနစ်ဖြင့်သာ ရောင်းချခွင့်ကို ခွင့်ပြုဆောင်ရွက်ပေးခဲ့ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ရှိသူတစ်ဦးထံက သိရသည်။ **(အောက်ပုံ)**

**ဝါဝါမြင့်(မြစ်သား)**



## မြန်မာ့လက်မှုအနုပညာ ပုဂံဒေသထွက် ယွန်းထည်ပစ္စည်း အရောင်းအဝယ်ပါးသော်လည်း လုပ်ငန်းရှင်များ ပုံမှန်လုပ်ကိုင်လျက်ရှိ

**ညောင်ဦး နိုဝင်ဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် ပုဂံဒေသထွက် မြန်မာ့လက်မှုအနုပညာ ယွန်းထည်ပစ္စည်းထုတ်လုပ်မှု အရောင်းအဝယ်ပါးသော်လည်း ယွန်းလုပ်သား၊ ယွန်းအလုပ်သမများအဆင်ပြေစေရန် ယွန်းလုပ်ငန်းလည်ပတ်လုပ်ကိုင်လျက်ရှိကြောင်း ပုဂံမြို့သစ်မြင်းကပါရပ် ယွန်းလုပ်ငန်းရှင်များထံက သိရသည်။

ယွန်းထည်လုပ်ငန်းသည် မြန်မာ့လက်မှုအနုပညာဖြစ်ပြီး လွန်စွာအနုစိတ်လုပ်ကိုင်ရသောလုပ်ငန်းဖြစ်ကာ ယွန်းပစ္စည်းအမိုးပေါင်းတစ်ရာကျော် ပြုလုပ်ကြောင်း၊ ယွန်းလုပ်ငန်းရှင်များ အများဆုံးပြုလုပ်သည့် ယွန်းလက်ဖက်အစ်၊ ယွန်းဆွမ်းအုပ်များကို အများဆုံးပြုလုပ်ကြပြီး ပုဂံခေတ်မှသည် ကုန်းဘောင်ခေတ်နှောင်းပိုင်းအထိ မြန်မာလူမျိုးများ ယွန်းထည်အမျိုးမျိုးသာ အသုံးပြုခဲ့ကြကြောင်း၊ ပလို့(ခေါ်)ငါးဆင့်ပလို့ဆွမ်းအုပ်များဖြင့် ယနေ့တိုင် ရွှေစည်းခုံဘုရားပွဲ၊ အာနန္ဒာဘုရားပွဲ၊ ငှက်ပစ်တောင်ဘုရားပွဲ၊ တုရင်တောင်ဘုရားပွဲ၊ကန်တော့ပလ္လင်ဘုရားပွဲများနှင့် မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ စလေမြို့၊ရှင်ပင်စာကြိုလှုဘုရားပွဲများတွင် ယွန်းပလို့(ငါးဆင့်)ပါသော ဆွမ်းအုပ်ကြီးများဖြင့် ဆွမ်းတော်များလောင်းလှူလျက်ရှိသည်။ ယွန်းလုပ်ငန်းသုံးပစ္စည်းများတွင် မပါမဖြစ် မြန်မာနိုင်ငံအနှံ့အပြားမှထွက်ရှိသည့် မဲတင်းခါးဝါး၊ တင်းဝါး၊ နန်းထောင်ဝါး၊ မဲဇာဝါးများကို သုံး၍ ယွန်းထည်အမျိုးမျိုးပြုလုပ်ကြသော်လည်း မဲတင်းခါးဝါးတစ်မျိုးတည်းကိုသာ ယွန်းထည်ပြုလုပ်ရာတွင် စွဲစွဲမြဲမြဲအသုံးပြုကြသည်။ ယွန်းထည်ပြုလုပ်ရခြင်းအဆင့်ဆင့်တွင် အချောခံခြင်း၊ စဥ္စဖတ်တင်ခြင်း၊ နီးခေါင်းထိုးခြင်း၊ နီးစိတ်ခြင်း၊ ကြောင်လိမ်ထည်လုပ်ခြင်း၊ဖွေတည်ခြင်း၊ မြေခံခြင်း၊ အဖြူခွေခြင်း၊ နီးဖြာခြင်း၊ ပုတ်ထည်၊ ယွန်းထပ်ခြင်း၊သားရိုးချောခြင်း၊ဓားကောက်ခြစ်ခြင်း၊ နီးသတ်ခြင်း၊ရက်ထည်တို့ကို အဆင့်ဆင့်ပြုလုပ်ရကြောင်း၊ ယွန်းထည်ပစ္စည်းများ သုတ်ရန် သစ်စေးဆယ်ပိဿာပုံးတစ်ပုံးကို ငွေကျပ် ငါးသိန်း ပေးဝယ်ရသည်။

ယွန်းထည်လုပ်ငန်းလုပ်ကိုင်ကြသည့် ယွန်းလုပ်သားတစ်ဦးကိုတစ်ရက်လျှင် ငွေကျပ် တစ်သောင်းနှင့် ယွန်းကျွမ်းကျင်လုပ်သား တစ်ဦးလျှင်ငွေကျပ် နှစ်သောင်းရရှိကြကြောင်း၊ ယွန်းထည်များ ပြုလုပ်ပြီးသော်လည်း တစ်နှစ်ကျော်ကြာမှ ရောင်းချရကြောင်း ယွန်းထည်များပြုလုပ်ပြီး မြေအောက်ခန်းအတွင်း အလုံပိတ်ထားကာ ယွန်းထည်များမြေထပ်ပေးထားပြီး နောက်ဆုံးအဆင့် ရောင်းချရသည့်အချိန်တစ်နှစ်ကျော်မှ ရောင်းချရကြောင်း ယွန်းလုပ်ငန်းရှင်များက ပြောသည်။ ယွန်းထည်ရောင်းချရမှုနည်းပါးသော်လည်း ယွန်းလုပ်သားများ မိသားစုစားဝတ်နေရေး အဆင်ပြေစေရန် ယွန်းလုပ်ငန်းရှင်အချို့က ယွန်းလုပ်ငန်းများ စဉ်ဆက်မပြတ် လုပ်ငန်းလုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**(ဌေးဝ)**



**သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ။**


### ☸ ရှေ့ဖုံးမှ

**ခန့်မှန်းချက်**

အဆိုပါ အားကောင်းသော မုန်တိုင်းငယ်သည် နောက် ၁၂ နာရီအတွင်း မြောက်ယွန်းယွန်းသို့ ရွေ့လျားနိုင်ပြီး သီရိလင်္ကာနိုင်ငံ ကမ်းခြေအနီးမှဖြတ်ကျော်ကာ ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ ပိုမိုအားကောင်းလာနိုင်သည်ဟု ခန့်မှန်းရသည်။ ထိုမှတစ်ဆင့် မြောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး နိုဝင်ဘာ ၃၀ ရက်တွင် အိန္ဒိယနိုင်ငံ တမီးလ်နာဒူးမြောက်ပိုင်း- ပူဒူချယ်ရီကမ်းခြေတို့ကို အားကောင်းသော မုန်တိုင်းငယ်အဆင့်ဖြင့် ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါ အားကောင်းသောမုန်တိုင်းငယ်၏အရှိန်ကြောင့် ယနေ့ညမှ နိုဝင်ဘာ ၃၀ ရက်အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးရွာနိုင်ပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ **မိုး/ဇလ**

၂၈-၁၁-၂၀၂၄ ရက်နေ့ မြန်မာစံတော်ချိန် (၁၇:၃၀) နာရီအချိန် တိုင်းထွာချက်အရ အားကောင်းသောမုန်တိုင်းငယ်လမ်းကြောင်းပြမြေပုံ




## မြေဩဇာအရောင်းဆိုင်များအား သတ်မှတ်ချက်နှင့်အညီ ရောင်းချခြင်း ရှိ၊ မရှိ စစ်ဆေး

**မိုးနဲ နိုဝင်ဘာ ၂၈**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုးနဲမြို့နယ်အတွင်း ရောင်းချလျက်ရှိသော မြေဩဇာအရောင်းဆိုင်များအား သတ်မှတ်ချက်များနှင့်အညီ ရောင်းချခြင်း ရှိ၊မရှိကို သက်ဆိုင်ရာတာဝန်ရှိသူများက နိုဝင်ဘာ ၁၇ ရက် နံနက် ၉ နာရီတွင် ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာနတို့မှ တာဝန်ရှိသူများက မြေဩဇာများရောင်းချရာတွင် သတ်မှတ်ထားသည့် စံချိန်စံညွှန်းနှင့် ကိုက်ညီမှု ရှိ၊မရှိ၊ မြေဩဇာ၊ မျိုးစေ့နှင့် ပိုးသတ်ဆေးရောင်းချမှုလိုင်စင် ရှိ၊ မရှိ၊ ပိုးသတ်ဆေးအတုများ၊ ရက်လွန်ပိုးသတ်ဆေးများနှင့် ခွင့်ပြုချက်မရှိသော ပိုးသတ်ဆေးများရောင်းချခြင်း ရှိ၊ မရှိနှင့် အရောင်းဆိုင်များတွင် မီးသတ်ဆေးဘူးများထားရှိရေးတို့ကို ရှောင်တခင်စစ်ဆေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# အဲယားကွန်း ပြုပြင်တပ်ဆင်ခြင်း သင်တန်းဆင်းပွဲနှင့် အခြေခံဂဟေဆက် သင်တန်းဖွင့်ပွဲပြုလုပ်

**ပြည်ကြီးတံခွန် နိုဝင်ဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ကနောင်မင်းသားကြီးလမ်း(၁၃၉)လမ်းမကြီးပေါ် ၄၇ လမ်းနှင့် ၄၈ လမ်းကြားရှိ အလုပ်သမားညွှန်ကြားမှုဦးစီးဌာန၊ ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်း(မန္တလေး)တွင် ယနေ့နံနက် ၉ နာရီအချိန်က မန္တလေးတိုင်းဒေသကြီး၊ ကလေး အလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီ၏ ကြီးကြပ်မှုဖြင့်ဖွင့်လှစ်သော အဲယားကွန်းပြုပြင်တပ်ဆင်ခြင်း သင်တန်းဆင်းပွဲနှင့် အခြေခံဂဟေဆက် သင်တန်းဖွင့်ပွဲကို ပြုလုပ်ခဲ့သည်။

ဦးစွာမန္တလေးတိုင်းဒေသကြီး၊ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင် အခွင့် အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးရာ ဝန်ကြီး ဦးအောင်ကျော်မိုးက သင်တန်းဆင်းနှင့် သင်တန်းဖွင့်ပွဲများအတွက် အမှာစကားပြောကြားခဲ့ သည်။

ဆက်လက်ပြီး သင်တန်းဆင်းလက်မှတ်များကို လူမှုရေးရာဝန်ကြီးက ပေးအပ်ခဲ့ရာ သင်တန်း သားများကိုယ်စား သင်တန်းသားတစ်ဦးက လက်ခံရယူခဲ့ပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြား ခဲ့သည်။ ထို့နောက် အလုပ်ခန့်အပ်ပေးသော အဲကိုင်နပ်တစ်စစ်စတမ်ကုမ္ပဏီလီမိတက် လုပ်ငန်းရှင် ဦးအောင်ကျော်စိုးထံ ပြည်ကြီးတံခွန်မြို့နယ်၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ မြို့နယ်တာဝန်ခံက အလုပ်ခန့်အပ်လွှာများကို ပေးအပ်ခဲ့သည်။ အခမ်းအနားအပြီးတွင် လူမှုရေးရာဝန်ကြီးက သင်တန်းသား များကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး သင်ကြားရေးလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့် ရှုအားပေးခဲ့ကြောင်း သိရသည်။



ယခုအခြေခံဂဟေဆက်သင်တန်းကိုလည်း မန္တလေးတိုင်းဒေသကြီး၊ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီက တိုင်းဒေသ ကြီး ဘက်ဂျက်ရန်ပုံငွေဖြင့်ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းသား ၂၀ ဦးကို တစ်လကြာ ကျွမ်းကျင်ဆရာ များနှင့် သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**စိုးသီဟ(အမရ)**

# ပခုက္ကူမြို့၌ ပေါ်ဦးပေါ်ဖျား ထန်းပင်မြစ်များ ရောင်းအားကောင်းလျက်ရှိ



**ပခုက္ကူ နိုဝင်ဘာ ၂၈**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ် အညာဒေသ ကျေးရွာတစ်ချို့တွင် ပျိုးထောင်ထားသည့် ပေါ်ဦးပေါ်ဖျား ထန်းပင်မြစ်များ ပခုက္ကူမြို့ပေါ်ရပ်ကွက်များ၌ ရောင်းချလျက်ရှိရာ ရောင်းအားကောင်းလျက်ရှိသည်။

ပခုက္ကူခရိုင်အတွင်းရှိ ပခုက္ကူ၊ ရေစကြို၊ မြိုင်မြို့နယ်(အညာဒေသ)တို့တွင် တစ်ပိုင်တစ်နိုင် မိသားစုအပိုဝင်ငွေရရှိနိုင်ရေး ထန်းပင်မြစ်များ စိုက်ပျိုးရောင်းချကြပြီး ထန်းပင်မြစ်ပျိုးထောင်ခြင်းကို ထန်းသီးမှည့်ချိန်ဖြစ်သည့် ဝါဆိုလ၊ဝါခေါင်လတို့တွင် ထန်းသီးမှည့်စေ့အရင့်များကို ကောက်ယူစုဆောင်းပြီး လွယ်ကူသည့် မြေနေရာရွေးချယ်ကာ ထန်းပင်မြစ်ပျိုးထောင်ရသည်။ ထန်းသီးမှည့်ပျိုးထောင်ချိန်မှ သုံးလအကြာတွင် ထန်းပင်မြစ်ပေါက်များ စတင်ဖွံ့ဖြိုးလာကာ တန်ဆောင်မုန်းလဆန်းပိုင်းလောက်တွင် ထန်းပင်မြစ်တူးဖော်ပြီး ဈေးကွက်အတွင်း ရောင်းချကြသည်။ယခုလကာလမှာ ထန်းပင်မြစ်များ ပေါ်ဦးပေါ်ဖျားပေါ်ထွက်သည့် လဖြစ်သောကြောင့် ထန်းပင်မြစ် ၂၅ ချောင်းပါ တစ်စည်းကို အနုအရင့်ပေါ် မူတည်၍ ငွေကျပ် ၁၅၀၀မှ ၂၅၀၀အထိ ရောင်းချရသည်။ ယခင်နှစ်တွင် ထန်းပင်မြစ် ၂၅ ချောင်းပါ တစ်စည်းကို ငွေကျပ် ၈၀၀မှ ၁၅၀၀အထိ ရှိခဲ့ပြီး ယခင်နှစ်ထက်ဈေးနှုန်း အနည်းငယ်မြင့်တက်လျက်ရှိသည်။ ထန်းပင်မြစ်များကို နိုဝင်ဘာလ အစောပိုင်းကစတင်ပြီး ပခုက္ကူခရိုင်အတွင်းရှိ အညာဒေသ ကျေးရွာတစ်ချို့မှ ဖောက်သည်ဝယ်ယူ၍ လာရောက်ရောင်းချခြင်းဖြစ်ပြီး တစ်နေ့လျှင် အနည်းဆုံး ငွေကျပ် ငါးသောင်းမှ ခုနစ်သောင်းအထိ ရောင်းချရသည်။ ထန်းပင်မြစ်ကို ငွေကြေးအရင်းအနှီးမလိုဘဲ လုပ်အားအရင်းအနှီးဖြင့်သာ ပျိုးထောင်လုပ်ကိုင်ရပြီး မိသားစုအပိုဝင်ငွေရရှိကာ လုပ်ငန်းအဆင်ပြေလျက်ရှိသည်။ ပခုက္ကူမြို့၊ အမှတ်(၁) စည်ပင်သာယာရေးဈေးကြီးတွင် ထန်းပင်မြစ်ကိုယ်တိုင်ပျိုးထောင် လာရောက်ရောင်းချသူ အမျိုးသမီးတစ်ဦးက ပြောသည်။

ထန်းမြစ်များကို နှစ်စဉ် ဆောင်းရာသီကာလ စတင်ရောက်ရှိလာချိန်မှစတင်ပြီး ထန်းပင်ပေါများသည့် မြန်မာပြည်အလယ်ပိုင်းဒေသများတွင် တွေ့ရှိရပြီး မီးဖုတ်၍ဖြစ်စေ၊ ရေဖြင့်ပြုတ်၍ဖြစ်စေ ဆီ၊ ဆားထည့်၍ ကလေး၊ လူကြီးမရွေး စားသုံးတတ်ကြသည်။ထန်းပင်မြစ်သည် လူတို့၏ ခန္ဓာကိုယ်အတွက် လိုအပ်သော ဗီတာမင်ဘီဓာတ်ပေါင်းစုံအပြင် အဆီဓာတ်နှင့် ပရိုတိန်းဓာတ်များလည်း ပါဝင်ပြီး စားသုံးသူများအနေဖြင့် အစာခြေစနစ်ကို တိုးတက်ကောင်းမွန်စေကာ ဝမ်းချုပ်ခြင်းမှလည်း ကာကွယ်ပေးနိုင်သည်။ ထန်းပင်မြစ်ကို အရပ်ဒေသများအပေါ် မူတည်ပြီး ထန်းမြစ်၊ ထန်းပင်ပေါက်ဟု ခေါ်ဝေါ်ကြပြီး သီးသန့်ပျိုးထောင်ရောင်းချသူများရှိသကဲ့သို့ တစ်နိုင်တစ်ပိုင်ပျိုးထောင်သူများလည်းရှိသည်။ ယခုနောက်ပိုင်းတွင် ထန်းပင်မြစ်ကို ထန်းမြစ်ကျော်၊ ထန်းမြစ်အစပ်ကျော်စသည့် နည်းအမျိုးမျိုးဖြင့် ဖန်တီးပြုလုပ်စားသောက်ခြင်း၊ ထန်းပင်မှတစ်ဆင့် ထန်းလျက်၊ ထန်းရွက်သက်ငယ်၊ ထန်းလျှော်၊ထန်းလက်ပရိဘောဂ(ကုလားထိုင်၊ စားပွဲ၊ ထန်းသားခြမ်း)များအဖြစ် တီထွင်အသုံးပြုခြင်းများလည်း ရှိကြောင်းသိရသည်။ (၃၄၀)



# ပလတ်စတစ်၏ ဆိုးကျိုးနှင့် အသုံးချနည်းတို့အား ဆွေးနွေးဟောပြောပွဲ ကျင်းပ

**ညောင်ဦး နိုဝင်ဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ် အတွင်း Plan International Myanmar နှင့် Bagan Plastic Campaigm ပူးပေါင်း၍ ညောင်ဦးမြို့နယ်အတွင်းရှိ ကျေးရွာ ၂၀တို့တွင် နိုဝင်ဘာ ၁ ရက်မှ စတင်ကာ ရာသီဥတုပြောင်းလဲခြင်းနှင့် ကျေးလက်အမှိုက်စီမံခန့်ခွဲမှု အသိပညာပေးခြင်းများ ကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိသည်။

Plan International Myanmar နှင့် Bagan Plastic Campaigm ပူးပေါင်း၍ ညောင်ဦးမြို့နယ်အတွင်းရှိ ကျေးရွာများ ပလတ်စတစ်သုံးစွဲမှုကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက် ပျက်စီးမှုများ၊ ပလတ်စတစ်၏ ဆိုးကျိုးများအား Bagan Plastic Campaigm အဖွဲ့မှ Projeter Powerpoint ဖြင့် ရှင်းပြခြင်း၊ စက်ရုံများနှင့် လူတို့အသုံးပြု စွန့်ပစ်သည့်အမှိုက်များကြောင့် ပင်လယ်ရေအောက်နေသတ္တဝါများ၊ မြစ်ချောင်းများအတွင်း စွန့်ပစ်မှုကြောင့် မြစ်တွင်းနေ သတ္တဝါများ သေကြေပျက်စီးမှုများအား ဗီဒီယိုများပြသ၍ ပညာပေးဆွေးနွေးကြကာ ကျေးလက်နေပြည်သူများက ပလတ်စတစ်၏ ဆိုးကျိုးနှင့် အမှိုက်များစနစ်တကျ စွန့်ပစ်နိုင်ရေးနှင့် ပလတ်စတစ် သုံးစွဲမှုလျှော့ချရေးတို့အတွက် အပြန်အလှန်ဆွေးနွေးဟောပြော ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

(၄၈၁)

# ဧရာဝတီမြစ်ကမ်းတစ်လျှောက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လူထုလှုပ်ရှားမှု အသိပညာပေးလုပ်ငန်းဆောင်ရွက်

**မင်းဘူး နိုဝင်ဘာ ၂၈**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊မင်းဘူး(စကု)မြို့နယ် ထောက်ရှာပင်ရေနံ့ကုန်တင်ကုန်ချ ဆိပ်ကမ်း၌ ဧရာဝတီမြစ်ကမ်းနား တစ်လျှောက် ပလတ်စတစ်နှင့် အခြားအမှိုက်များ၊ စွန့်ပစ်ခြင်းများ ကင်းဝေးစေရန်နှင့် အဏ္ဏဝါအမှိုက်သရိုက် ညစ်ညမ်းမှုများမဖြစ်ပေါ်စေရေး ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာများ ပူးပေါင်းအဖွဲ့က ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လူထုလှုပ်ရှားမှု အသိပညာပေး လုပ်ငန်း ဆောင်ရွက်ခြင်းကို နိုဝင်ဘာ ၂၇ ရက် နံနက် ၉ နာရီက ကွင်းဆင်းဆောင်ရွက်ကြသည်။

အဆိုပါလုပ်ငန်းကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံးနှင့် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့၏ လမ်းညွှန်ချက်အရ ဧရာဝတီမြစ်ကမ်းနားတစ်လျှောက်နှင့် ဆိပ်ကမ်းနယ်မြေတွင် ဆိုက်ကပ်ထားသော ရေယာဉ်များ၊ ဆိပ်ကမ်းနယ်မြေအနီးဝန်းကျင်ရှိ စက်ရုံ၊ အလုပ်ရုံနှင့် လုပ်ငန်းများ၊ ဆိပ်ကမ်းအနီးတစ်ဝိုက်တွင် နေထိုင်သူများကြောင့် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိစေရေးနှင့် စွန့်ပစ်အမှိုက်များအား မြစ်ချောင်းများအတွင်း စည်းကမ်းမဲ့စွန့်ပစ်ခြင်းကြောင့် ရေထုညစ်ညမ်းမှုနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု မဖြစ်ပေါ်စေရေး စီမံဆောင်ရွက်နိုင်ရန်အတွက် လူထုလှုပ်ရှားမှုအဖြစ် ဌာနဆိုင်ရာများ ပူးပေါင်းအဖွဲ့က "ပင်လယ်သမုဒ္ဒရာနှင့် မြစ်များအတွင်း ပလတ်စတစ်နှင့် အခြားအမှိုက်များ မစွန့်ပစ်ခြင်းဖြင့် အဏ္ဏဝါအမှိုက်သရိုက်ညစ်ညမ်းမှုမဖြစ်ပေါ်စေရေး ဝိုင်းဝန်းထိန်းသိမ်းကြပါစို့" ဆောင်ပုဒ်နှင့်အညီ မင်းဘူးမြို့၊ထောက်ရှာပင်ဆိပ်ကမ်းရှိ ရေယာဉ်များပေါ်တွင် အသိပညာပေး ဗီနိုင်းပိုစတာများ ကပ်ခြင်း၊ ဧရာတီမြစ်ကမ်းဘေးတစ်လျှောက် သန့်ရှင်းသာယာလှပစေရေးအတွက် စုပေါင်းအမှိုက်ကောက်ခြင်း၊ ဆိပ်ကမ်းအနီးရှိ စားသောက်ဆိုင်များတွင် အသိပညာပေး ပိုစတာများကပ်ခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ လူစည်ကားရာနေရာများတွင် စနစ်တကျအမှိုက်စွန့်ပစ်နိုင်ရေး အမှိုက်ပုံးထားရှိပေးခြင်းတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ (၅၀၄)

# လှုပ်လှုပ်ရှားရှား စီးပွားကုန်စည်

## အညာပဲတီစိမ်း ဝယ်လိုအားကောင်း ဈေးမြင့်တက်လာ နှမ်းမျိုးစုံနှင့် မြေပဲဆန် အရောင်းအဝယ်သွက်နေ

အညာပဲတီစိမ်း ဝယ်လိုအားကောင်းဈေးမြင့်တက်လာရာ နှမ်းမျိုးစုံနှင့် မြေပဲဆန်အရောင်းအဝယ်သွက်နေကြောင်း ပဲ၊ နှမ်းကုန်သည်များထံမှ သိရသည်။

ပဲ၊ နှမ်းဈေးကွက်အတွင်း တရုတ်နိုင်ငံသို့ တင်ပို့ရန် ဝယ်ယူမှု ကောင်းလာသောကြောင့် ပဲတီစိမ်းအညာ ဈေးမြင့်တက်လာရာ တစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀၀ ပေါက်ဈေးရှိလာရာ ယခင်သီတင်းပတ်ထက် ငွေကျပ် ၂၅၀၀၀ ထပ်မံဈေးမြင့်တက်လာသည်။

တရုတ်နိုင်ငံသို့တင်ပို့ရန် အညာပဲတီစိမ်းမှာ ဈေးကွက်အတွင်း ဝယ်လိုအားကောင်း ဈေးမြင့်တက်နေရာ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀၀ အထိပေါက်ဈေးရှိလာကြောင်း၊ နှမ်းမျိုးစုံနှင့် မြေပဲဆန်များလည်း အရောင်းအဝယ်သွက်နေကြောင်း၊ ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ ပုံမှန်သာ အရောင်းအဝယ်ရှိနေကြောင်း ဦးကျော်သွင်(ရွှေစင်သိန်းပွဲရုံ)ပိုင်ရှင်က ပြောသည်။

"ပဲရာသီကုန်ချိန်ဆိုတော့ လက်ရှိဈေးကွက်ထဲမှာ လက်ကျန်ပဲတွေကိုသာ အရောင်းအဝယ်လုပ်နေကြတာပါ။ ပဲတီစိမ်းကတော့ ပဲသစ်မပေါ်သေးချိန် အညာပဲတီစိမ်းတွေ၊ တရုတ်ဝယ်လက်တွေ အဝယ်ကောင်းနေလို့ သုံးတင်းဝင်တစ်အိတ် ငွေကျပ် ၃၀၀၀၀၀ အထိ ဈေးမြင့်တက်လာပါတယ်။ နှမ်းမျိုးစုံနဲ့ မြေပဲဆန်လည်း အရောင်းအဝယ်သွက်နေပါတယ်။ ပဲမာလိုင်းမှာ လက်ကျန်ပဲတွေကတော့ ဈေးကောင်းလာပါတယ်။ ပြည်တွင်းသုံး ကုလားပဲအုပ်စုကတော့ ပုံမှန်ဈေးကွက်သာရှိနေတာပါ"ဟု ၎င်းက ပြောသည်။

နိုဝင်ဘာ ၂၈ရက်တွင် ပို့ကုန်မတ်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၃၀၀၀၀၊မတ်ပဲ(အသစ်)တစ်အိတ်လျှင် ငွေကျပ် ၂၇၀၀၀၀၊ ပဲစင်းငုံမှာ အရောင်းအဝယ်မရှိ၊ ပေါက်ဈေးဖွင့်နိုင်ခြင်းမရှိဘဲ ပဲတီစိမ်းအညာ တစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀၀ ပေါက်ဈေးရှိလာပြီး ဈေးမြင့်တက် အဝယ်သွက်နေသည်။

ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ ဈေးအရောင်းအဝယ်ပုံမှန်သာရှိနေရာ နိုဝင်ဘာ ၂၈ ရက်တွင် ကုလားပဲ V2 တစ်အိတ်လျှင် ငွေကျပ် ၃၀၂၀၀၀၊ ကုလားပဲ V7 တစ်အိတ်လျှင် ငွေကျပ် ၃၁၀၀၀၀၊ ထိုင်ဝမ်ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၈၀၀၀၀၊ 929 ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၉၀၀၀၀ အသီးသီးပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံး ပဲမာလိုင်းများမှာ ဈေးငြိမ်နေရာ ပဲကြီး တစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀၀၊ မြေထောက်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၅၀၀၀၀၊ ကျွန်းစားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၄၅၀၀၀၀၊ ကနေဒါစားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၄၅၀၀၀၀ ပေါက်ဈေးရှိနေပြီး မြေပဲအနီလုံးဆန် တစ်ပိဿာလျှင် ငွေကျပ် ၈၈၀၀-၈၉၀၀ ပေါက်ဈေးရှိနေသည်။

နှမ်းမျိုးစုံမှာ အရောင်းအဝယ်ပြန်သွက်လာရာ နိုဝင်ဘာ ၂၈ရက်တွင် နှမ်းနက်(စမုန်) ၄၅ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၆၂၅၀၀၀၊ အက်စစ်လွတ် တစ်အိတ်လျှင် ငွေကျပ် ၆၆၀၀၀၀၊ နှမ်းဖြူ (ဂျပန်) ၄၅ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၄၂၅၀၀၀၊ နှမ်းဖြူ (ဗမာ) ၄၅ ပိဿာတစ်အိတ်လျှင် ငွေကျပ် ၃၈၀၀၀၀၊ နှမ်းညို ၄၅ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၃၁၅၀၀၀ အသီးသီးပေါက်ဈေးရှိနေရာ နှမ်းအမျိုးအစားအလိုက် တစ်အိတ်လျှင် ငွေကျပ် ၁၀၀၀၀ ကျော် ဈေးပြန်လည်မြင့်တက်လာကြောင်း သိရသည်။

ရွှေမန်း





## ပဲစင်းငုံနီ(အသစ်)များ စတင်ဝင်ရောက်လာရာ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၈၀၀၀၀ အထိ ဈေးကောင်းရနေ

ပဲစင်းငုံနီ(အသစ်)များစတင်ဝင်ရောက်လာရာ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၈၀၀၀၀ ပေါက် ဈေးရှိပြီး ဈေးကောင်းရရှိနေကြောင်း ကုန်သည်များထံက သိရသည်။

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်တွင် ပဲစင်းငုံနီ၊ ပဲနီ၊ ကုလားပဲ၊ ပဲတီစိမ်း၊ ပဲနောက်၊ နှမ်းနှင့် မြေပဲတို့ကို အဓိက စိုက်ပျိုးကြသည်။

ပခုက္ကူမြို့နယ်တွင် ပဲစင်းငုံနီကို ကုန်းခြောက်တောများဖြစ်သည့် ချောက်ကန်အုပ်စုရှိ ကျေးရွာများဖြစ်သော အရှေ့ချောက်ကန်၊အနောက်ချောက်ကန်၊ မန်ကျည်းကိုးပင်ကျေးရွာများနှင့် အခြားကျေးရွာများတွင် စိုက်ဧက ၁၅၀၀၀ ကျော်ရှိပြီး သီးညှပ်သီးနှံအဖြစ်စိုက်ပျိုးကြကြောင်း၊ တချို့တောင်သူများမှာ နှစ်သီးစားစိုက်ပျိုးကြပြီး စိုက်ပျိုးသောမျိုးမှာ သက်လတ်မျိုးနှင့် သက်ကြီးမျိုးကို စိုက်ပျိုးကြသည်။

ပခုက္ကူမြို့နယ်အတွင်းသို့ အခြားနယ်များမှလည်း ပဲစင်းငုံနီများ ဝင်ရောက်လာရာ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ယခုလက်ရှိ အရောင်းအဝယ်ဖြစ်နေသော ပဲစင်းငုံနီမှာ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျောက်ပန်းတောင်း၊ပုပ္ပား၊မာလာလက်ထုတ်၊ ပုလင်း၊ ငါ့သရောက်၊အောက်ညဉ့်နယ်မှထွက်ရှိသော ပဲစင်းငုံနီများဖြစ်ကြောင်း၊ ပဲစင်းငုံနီ(အသစ်) ပေါက်ဈေးမှာ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၈၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း ပွဲရုံများထံက သိရသည်။

ပြီးခဲ့သည့် ပဲရာသီတွင် အိန္ဒိယ ပို့ကုန်ပဲစင်းငုံမှာ ဈေးကောင်းရရှိခဲ့သလို ထွက်ရှိသမျှ ပဲများ လက်ကျန်မရှိ ရောင်းချနိုင်ခဲ့သောကြောင့် လာမည့်ပဲရာသီအသစ်တွင် ပိုမိုစိုက်ပျိုးလာရာ ပို့ကုန်ပမာဏ တိုးမြှင့်စိုက်ပျိုးထားသည်။

မြန်မာနိုင်ငံမှ ထွက်ရှိသည့် ပဲမျိုးစုံ ပြောင်းနှင့် နှမ်းတို့ကို နှစ်စဉ် တန်ချိန် နှစ်သန်းကျော်တင်ပို့လျက်ရှိရာတွင် အဓိကပဲသုံးမျိုးဖြစ်သည့် မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံကို နှစ်စဉ် ၁ ဒသမ ၅ သန်းကျော် တင်ပို့နေသည်။ ယခုနှစ်တွင် ပိုမိုတင်ပို့လာနိုင်ခဲ့သည်။

ပို့ကုန်ပဲသုံးမျိုးတွင် မတ်ပဲ တန်ချိန် ၈ သိန်း၊ ပဲတီစိမ်းတန်ချိန် ၄ သိန်းခွဲ၊ ပဲစင်းငုံတန်ချိန် ၂ သိန်းခွဲ တင်ပို့ခဲ့သည်။

ပြီးခဲ့သည့် ပဲရာသီအစကတည်းက ပို့ကုန်ပဲများအနက် ပဲစင်းငုံမှာ ဈေးကောင်းရရှိခဲ့ကြသဖြင့် ပဲရာသီမကုန်ဆုံးမီ လက်ကျန်မရှိသလောက် အရောင်းအဝယ်ကောင်းခဲ့ရာ ယခုလာမည့် ပဲရာသီအသစ်အတွက် တောင်သူများ တိုးချဲ့စိုက်ပျိုးကြသလို လက်ရှိပဲဈေးကွက်တွင် နယ်ပွဲရုံများ၌ စတင်ဝင်ရောက်လျက်ရှိသည်။

လက်ရှိ ပဲဈေးကွက်တွင် ပဲစင်းငုံတစ်တန်လျှင် ငွေကျပ် ၃၈ သိန်းကျော် ပေါက်ဈေးရှိနေပြီး ကြိုတင်ရောင်းဝယ်မှုများတွင် တစ်တန်လျှင် ငွေကျပ် ၃၆ သိန်းပေါက်ဈေးရှိကြောင်း သိရသည်။

(အပေါ်ပုံ)

ရွှေမန်း

## လယ်ယာထွက်ကုန်ပစ္စည်း တင်ပို့မှုမှ အမေရိကန်ဒေါ်လာ သန်းပေါင်း ၂၇၅၀ ကျော် ရရှိထား

၂၀၂၄ -၂၀၂၅ ဘဏ္ဍာနှစ်၊ ဧပြီလမှ အောက်တိုဘာလ ၂၅ ရက်အထိ ပြည်ပသို့ လယ်ယာထွက်ကုန်ပစ္စည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ သန်းပေါင်း ၂၇၅၀ ကျော်ရရှိထားကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

ထိုသို့တင်ပို့ရာတွင် ပင်လယ်ရေကြောင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာသန်းပေါင်း ၂၃၁၇ သန်းကျော်နှင့် နယ်စပ်တင်ပို့မှုမှ အမေရိကန်ဒေါ်လာသန်းပေါင်း ၄၆၆ သန်းကျော်တင်ပို့ထားပြီး တရုတ်၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှားနိုင်ငံအစရှိသည့် နိုင်ငံများသို့ တင်ပို့လျက်ရှိပြီး နယ်စပ်ကုန်သွယ်မှုမှာ သိသိသာသာ လျော့ကျခဲ့သည်။

ပြည်ပသို့တင်ပို့ခဲ့သည့် လယ်ယာထွက်ကုန်ပစ္စည်းများအနေဖြင့် ဆန်၊ဆန်ကွဲ၊ ပဲအမျိုးမျိုး၊ ပြောင်း၊ နှမ်း၊ ဝဥ၊ ပန်းနှမ်း၊ ဝါ၊ ချင်း(ဂျင်း)၊ ကြက်သွန်နီ၊ ဖရဲ၊ သခွားမွှေး အစရှိသည့် ပစ္စည်းများကို တင်ပို့လျက်ရှိသည်။

မြန်မာနိုင်ငံမှ ပြည်ပသို့ လယ်ယာထွက်ကုန်ပစ္စည်းများအပြင် သစ်တောထွက်ပစ္စည်း၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ရေထွက်ကုန်ပစ္စည်း၊ သတ္တုတွင်းထွက်ပစ္စည်း၊ စက်မှုကုန်ချောနှင့် အခြားပို့ကုန်ပစ္စည်းများ တင်ပို့လျက်ရှိပြီး ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း၊ လူသုံးကုန်ပစ္စည်းနှင့် CMP တို့ကို ပြန်လည်တင်သွင်းနေသည်။

၂၀၂၄ ခုနှစ်တွင် ပြည်ပသို့ ပဲမျိုးစုံတင်ပို့မှုကဏ္ဍတွင် လျာထားချက်ပြည့်မီအောင် တင်ပို့နိုင်ခဲ့သည်။

၂၀၂၄ ခုနှစ်အတွင်း တရုတ်နယ်စပ်ကုန်သွယ်မှုများ ရပ်ဆိုင်းနေသော်လည်း လာမည့် ၂၀၂၅ ခုနှစ် နှစ်ဦးပိုင်း ပဲရာသီအသစ်တွင် တရုတ်နယ်စပ်ကုန်သွယ်မှုများ ပြန်လည်တင်ပို့နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၆)

*-*-*-*-*-*-*



## လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ၊ စာအုပ်ပြပွဲနှင့် အသိပညာပေး မြေစိုက်နံရံကပ်စာစောင်ပြသ

**ကျောက်ဆည် နိုဝင်ဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာန၊ ခရိုင်ပတ်ဝန်းကျင်ဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူလူငယ်များ အသိပညာဗဟုသုတပြည့်ဝပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် နိုဝင်ဘာ ၂၈ရက် မွန်းလွဲ ၁ နာရီက ကျောက်ဆည်မြို့၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ရွှေသရဖီခန်းမတွင် လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲ၊ စာအုပ်ပြပွဲနှင့် အသိပညာပေး မြေစိုက်နံရံကပ်စာစောင်ပြပွဲ ကျင်းပသည်။

လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲတွင် အမှတ်(၂) အခြေခံပညာအထက်ကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးသန်းက လူငယ်များ ကျောင်းစာအပြင် ပြင်ပဗဟုသုတများ ရရှိစေရန် ဗလငါးတန်နှင့် ပြည့်စုံသော ကျောင်းသားလူငယ်များ ဖြစ်လာစေရန် စာပေကိုကြိုးစား သင်ယူကြရန် အမှာစကား ပြောကြားခဲ့ပြီး ကျောက်ဆည်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလမင်းသန်းက ပတ်ဝန်းကျင်ရေးရာ ကျင့်ဝတ်နှင့်သိမှတ်ဖွယ်ရာများ၊ ရာသီဥတုပြောင်းလဲခြင်းနှင့်ပတ်သက်ပြီး ပြုမူနေထိုင်ခြင်း၊ နေရောင်ခြည်စွမ်းအင်ကို အသုံးပြုခြင်း၊ စွမ်းအင်ချွေတာသောပစ္စည်းများကို သုံးစွဲရေး၊ ကာဗွန်ထုတ်လွှင့်မှု လျှော့ချရေး၊ စွမ်းအင်ချွေတာသောမီးလုံးများကိုအသုံးပြုရေး၊ ညစ်ညမ်းဓာတ်ငွေ့ထုတ်လွှင့်သောပစ္စည်းများ သုံးစွဲမှုမှ လျှော့ချရေး စသည့် အသိပညာပေး ဟောပြောခဲ့သည်။

ဆက်လက်ပြီး ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်နှင်းရီက လူငယ်များ စာပေဗဟုသုတ ကြွယ်ဝပြီး အသိပညာပြည့်ဝ၍ စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်သော လူငယ်များဖြစ်လာစေရန်၊ ရိုးသားကြိုးစားကြစေရန် အားလပ်ချိန်တွင် စာပေကိုလေ့လာဖတ်ရှုကြရေး ဆွေးနွေးခဲ့ပြီး ကျောက်ဆည်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ပတ်ဝန်းကျင်ဆိုင်ရာကျင့်ဝတ်နှင့် သိမှတ်ဖွယ်ရာအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ပြီး ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် သုတ၊ ရသစာအုပ်များနှင့် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအန္တရာယ်၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအသိပညာပေး နံရံကပ်စာစောင်များအား စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

**စုစုအေး(ကျောက်ဆည်)**




## စာဆိုတော်နေ့ ဂုဏ်ပြု စာအုပ်မိတ်ဆက်ပွဲကျင်းပမည်

**မန္တလေး နိုဝင်ဘာ ၂၈**

၁၃၈၆ခုနှစ်စာဆိုတော်နေ့အား ဂုဏ်ပြုကြိုဆိုသောအားဖြင့် စာရေးဆရာ၊ သတင်းစာဆရာ ဦးတင်လှိုင်(မြိုင်-တင်လှိုင်)၏ အသက်(၈၀)ပြည့်အထိမ်းအမှတ် မြိုင်-တင်လှိုင်နှင့် သူ၏ရေးဖော်ရေးဖက်များ ရေးသားထုတ်ဝေသော "ပါးစပ်ပြောသည့်စကား၊ စကားပြောသည့်ပါးစပ်" စာအုပ်မိတ်ဆက်ပွဲကို နိုဝင်ဘာ ၃၀ ရက် စနေနေ့၊ မွန်းလွဲ ၁ နာရီခွဲမှ ညနေ ၃ နာရီအထိ မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ၇၈လမ်း၊ ရန်ကုန်-မန္တလေးလမ်းနှင့် မဟာမုနိဘုရားကြီးအရှေ့မုခ်၊ ၁၀၂လမ်း(ပြတိုက်လမ်း)ရှိ ရတနာပူရ မြန်မာ့လက်မှုနှင့် အနုပညာဗိမာန်ရှိ စာနယ်ဇင်းအရောင်းဆိုင်ခန်းမတွင် ကျင်းပသွားမည်။

စာအုပ်မိတ်ဆက်ပွဲတွင် "ပါးစပ်ပြောသည့်စကား၊ စကားပြောသည့်ပါးစပ်" စာအုပ်လက်ဆောင်ပေးခြင်း၊ ကော်ဖီမုန့်များဖြင့် ဧည့်ခံကျွေးမွေးမည်ဖြစ်ရာ မန္တလေးမြို့ရှိ စာရေးဆရာများ၊ စာပေဝါသနာရှင်များ ဖိတ်ခေါ်ထားကြောင်း သိရသည်။

**(မောင်ပြည်သူ-မန္တလေး)**






## သက်ကြီးဆရာဝန်ကြီးများထောက်ကူပြုအဖွဲ့မှ ကျန်းမာရေးထောက်ပံ့၊ ဆေးရုံများတွင် ကျန်းမာရေးစစ်ဆေးပေး

**မန္တလေး နိုဝင်ဘာ ၂၈**

မြန်မာနိုင်ငံဆရာဝန်အသင်း သက်ကြီးဆရာဝန်များ ထောက်ကူပြုအဖွဲ့မှ ကျန်းမာရေးထောက်ပံ့ငွေများကို ထောက်ပံ့ပေးလျက် နိုဝင်ဘာ ၂၇ ရက်က နံနက်ပိုင်းက မြို့တော်ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူနေသော မှူးခင်းဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာသောင်းမြင့်အားလည်းကောင်း၊ မျက်စိခွဲစိတ်ကုသမှု ခံယူခဲ့သော ဒေါက်တာမျိုးသန့်(မြတ်သုခဆေးရုံအုပ်ကြီး)တို့အား မြန်မာနိုင်ငံဆရာဝန်အသင်း သက်ကြီးဆရာဝန်များ ထောက်ကူပြုအဖွဲ့ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာခင်မောင်မြင့်၊ အတွင်းရေးမှူး ဒေါက်တာအောင်မင်းတို့က ဆေးရုံသို့ သွားရောက်၍ ထောက်ပံ့ငွေ ပေးအပ်ခဲ့ပြီး ကျန်းမာရေးမေးမြန်းအားပေးစကားများ ပြောကြားခဲ့သည်။

အလားတူ ကွယ်လွန်သွားသော သက်ကြီးဆရာဝန်ကြီး ဒေါက်တာ ဒေါ်လှမြင့်အတွက် နာရေးထောက်ပံ့ငွေကိုလည်း မိသားစုထံ သွားရောက်ပေးအပ်ခဲ့သည်။

မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေး)သက်ကြီးဆရာဝန်ကြီးများ ထောက်ကူပြုအဖွဲ့မှ ကြီးမှူး၍ အသက်(၇၀)နှစ်အထက် သက်ကြီးဆရာဝန်ကြီးများအား မန္တလေးမြို့ရှိ ပုဂ္ဂလိကဆေးရုံကြီးများတွင် Medical Check Up ကျန်းမာရေးစစ်ဆေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)(ဝ၄၅)**

ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## မန်းစည်ပင် - ၁

* ရည်ရွယ်ချက်(၃)ရပ် မန်းစည်ပင်
မြို့သန့်ရှင်းရေး အမြဲစီစဉ်
မြို့သာယာရေး တကယ်လုပ
မန်းစည်ပင်က ဖော်ဆောင်ပြ
မြို့နေလူထု စိတ်ချမ်းသာရေး
မန်းစည်ပင်က ဆောင်ရွက်ပေး ။

* လုပ်ငန်းလိုင်စင်ကိစ္စတွေ
ကြီးကြပ်ကောက်ခံနေ
သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လည်း
ဝိုင်းဝန်းပူးပေါင်းကူညီအမြဲ
ဝန်ထမ်းရေးရာကိစ္စတွေ
အချိန်နဲ့တပြေးညီ ဆောင်ရွက်နေ
စည်ပင်ရဲ့တပ်ဖွဲ့ကဏ္ဍလေး
မန်းမြို့ အေးချမ်းသာယာရေး
စီမံရေးရာဌာနဟာ
ဌာနများထဲမှာ အကဲ့ရာ
မြို့တော်သန့်ရှင်းသာယာဖို့အတွက်
နေ့ ညမနားကြိုးစားဆောင်ရွက် ။

* ယာဉ်စက်ယန္တရားကောင်းမွန်အောင်
ပြင်ဆင်ထိန်းသိမ်းကြမယ်မောင်
ဌာနလိုအပ်တဲ့ မော်တော်ယာဉ်များ
စနစ်တကျ ခွဲဝေစေလွှတ်ထား
စက်သုံးဆီများ မလေလွင့်ရန်
ချွေတာသုံးစွဲကြမယ်အမှန်
ဝန်ထမ်းများ ကြိုးစားဆောင်ရွက်ကြ
စက်ရုံနှင့်မော်တော်ယာဉ်ဌာန ။

* ခွင့်မပြုဆိုးဆေးကင်းစင်ရန်
FDA နှင့် ပူးပေါင်းစစ်ဆေးပြန်
အလေးချိန်ခွင်မှန်ကန်ရေး
လတ်ဆတ်အသားများ ရောင်းချပေး
ဈေးများသာယာလှပရန်
အကျိုးဆောင်များနှင့်ပူးပေါင်းပြန်
ဆိုင်များ စနစ်တကျရောင်းချရေး
ဈေးနှင့်သားသတ်ဌာနက ဆောင်ရွက်ပေး ။

* ဌာနများရဲ့ အပ်ငွေဟာ
ဘဏ်ကိုပေးသွင်းဆောင်ရွက်တာ
ကော်မတီရငွေသုံးငွေများ
ဘဏ္ဍာရေးစည်းမျဉ်းနဲ့ ထိန်းသိမ်းထား
ပင်စင်အငြိမ်းစားဝန်ထမ်းတွေ
လစာ ၊ အပိုထောက်ပံ့ကြေးပေးနေ
ရ/သုံးမှန်းခြေစာရင်းများ တင်ပြရ
ဘဏ္ဍာရေးဌာန ။ ။

**သန်းနိုင်စိုး**

## သတင်းပဒေသာ

### ရှမ်းတိုင်းရင်းသားများ နှစ်သစ်ကူးပွဲတော် ကျင်းပ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၌ ၂၀၂၄ ခုနှစ် ရှမ်းတိုင်းရင်းသားများ နှစ်သစ်ကူးပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ကျိုင်းတုံခရိုင် အားကစားကွင်းတွင် ကျင်းပရာ ရှမ်းနှစ်သစ်ကူးပွဲတော်ဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစိုင်းဆမ်တစ်ဆေက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။ ရှမ်းနှစ်သစ်ကူးပွဲတော်ဖြစ်မြောက်ရေးကော်မတီ နာယက စဝ်ပန်လဲင်းဆိုင်၊ ဦးစိုင်းဆိုင်ခမ်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ပွဲတော်အား နိုဝင်ဘာ ၂၆ ရက်မှ ၃၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### သဘာဝဘေးဆိုင်ရာ အသိပညာပေးဟောပြော

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မိုင်းပန်မြို့နယ်တွင် မြို့နယ်သစ်တောဦးစီးဌာနနှင့် မြို့နယ်အတွင်း ဌာနဆိုင်ရာများစုပေါင်း၍ မီးခိုး၊ မြူငွေ့လျှော့ချရေး၊ ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို အခြေခံပညာအထက်တန်းကျောင်း(မိုင်းပန်)၌ နိုဝင်ဘာ ၂၇ရက် နံနက် ၉ နာရီက ကျင်းပရာ မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးရန်ပိုင်ထွန်းက မြူခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှုကြောင့် လူသားတို့၏ကျန်းမာရေးအပေါ် ထိခိုက်မှုများ၊ နယ်မြေတာဝန်ခံတောအုပ် ဦးထွန်းဝင်းနှင့် ဦးစောယုယချိုတို့က ရာသီဥတုပြောင်းလဲမှု၊ သစ်တောများ၏ အရေးပါပုံနှင့် တရားမဝင်သစ်ပင်များခုတ်ခြင်း၊ သယ်ဆောင်ခြင်းများ၊ မြို့နယ်ရဲတပ်ဖွဲ့ဒုရဲအုပ်ရန်နိုင်စိုးက သစ်တောသစ်ပင်များထိန်းသိမ်းရေးနှင့် စနစ်တကျအသုံးပြုရေး၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဒေါ်အိရွှေစင်လတ်က ပလတ်စတစ်အသုံးပြုမှုလျှော့ချရေးနှင့် မီးသတ်ဦးစီးမှူး ဦးဟိန်းလင်းထိုက်က မီးဘေးအန္တရာယ် အသိပညာပေးဟောပြောခဲ့ပြီး သစ်တောဦးစီးဌာနမှ ကျောင်းသုံးစာရေးကိရိယာများ ထောက်ပံ့ခဲ့ကြောင်းသိရသည်။

မြို့နယ်(ပြန်/ဆက်)

### ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့တွင် ကျောင်းအခြေပြု ဆုံဆို့၊ မေးခိုင်ကာကွယ်ဆေးနှင့် သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေးထိုးနှံပေးခြင်းကို နိုဝင်ဘာ ၂၇ရက် နံနက် ၉ နာရီက အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း၌ ဆောင်ရွက်ခဲ့သည်။

ကာကွယ်ဆေးထိုးနှံရာတွင် (၁.၉.၂၀၁၄မှ ၃၁.၈.၂၀၁၅) ခုနှစ်အတွင်း မွေးဖွားခဲ့သည့် ကျောင်းသူ ၁၁၂ ဦးအား သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေးနှင့် အသက်(၅)နှစ်မှ (၇)နှစ်ကြား ကျောင်းသား၊ ကျောင်းသူ ၃၄၃ ဦးတို့အား ဆုံဆို့၊ မေးခိုင်ကာကွယ်ဆေးများ ထိုးနှံပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### အထွက်နှုန်းမှန်ကန်ရေးအတွက် စံကွက်ရိတ်သိမ်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ မင်းကင်းမြို့နယ်တွင် မိုးစပါးစိုက်ခင်းအား အထွက်နှုန်းမှန်ကန်ရေးအတွက် စံကွက်ရိတ်သိမ်းပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက သလဘာကျေးရွာ တောင်သူဦးထွန်းစိန်၏ ကွင်းအမှတ် ၇၇၀၊ ဦးပိုင်အမှတ် ၇၉ ရှိ လယ်မြေ၌ ပြုလုပ်သည်။

သလဘာကျေးရွာ၊ တောင်သူဦးထွန်းစိန်၏ ကွင်းအမှတ် ၇၇၀၊ ဦးပိုင်အမှတ် ၇၉ ရှိ လယ်မြေ၌ စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းအား စံကွက်ရိတ်သိမ်းခဲ့ရာ တစ်ဧကအထွက်နှုန်း(အစို) ၁၀၄ တင်းနှုန်းထွက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## စွယ်တော်မြတ်စေတီတော် ဗုဒ္ဓပူဇနီယပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်



**မန္တလေး နိုဝင်ဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်အတွင်းရှိ မန္တလေးစွယ်တော်မြတ်စေတီတော်၏ (၂၉)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို အစဉ်အလာ မပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း မန္တလေးစွယ်တော်မြတ်စေတီ ဂေါပကအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးသန်းဇော်က ပြောသည်။

အဆိုပါ ပူဇော်ပွဲကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်ချက်များနှင့်အညီ အမရပူရခရိုင် အထွေထွေအုပ်ချုပ်ရေးအဖွဲ့၊ စီမံအုပ်ချုပ်ရေးအဖွဲ့တို့၏ ဦးဆောင်မှုနှင့် မန္တလေးစွယ်တော်မြတ်စေတီတော်၏ ဗုဒ္ဓပူဇနီယပွဲတော်ကို အစဉ်အလာမပျက် ကျင်းပသွားမည်ဖြစ်ရာ စွယ်တော်မြတ်စေတီတော်၏ ဗုဒ္ဓပူဇနီယပွဲတော်ကို လာမည့်ဒီဇင်ဘာ ၃ ရက်နှင့် ၅ ရက်တို့တွင် ကျင်းပသွားမည်ဖြစ်သည်။

"မန္တလေးစွယ်တော်မြတ်စေတီတော်ရဲ့ (၂၉)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်မှာ မန္တလေးမြို့ပေါ်ရှိတဲ့ ဆရာတော်၊ သံဃာတော် ၄၅ ပါးကို ပင့်ဖိတ်ပြီးတော့ ဘုရားအပေါင်းသံဃာတော် ၄၆ ပါးကို သံဃာ့ဒါန ဆွမ်းဆန်စိမ်းလောင်း လှူပွဲကို ထည့်သွင်းကျင်းပသွားမှာဖြစ်ပါတယ်။ စေတနာရှင်ပြည်သူများအနေနဲ့ ကုသိုလ်ပါဝင်လာရောက်လောင်းလှူနိုင်ပါတယ်။ မြန်မာသက္ကရာဇ်နဲ့ဆိုရင် နတ်တော်လဆန်း ၃ ရက် ညနေပိုင်းမှာ အစဉ်အလာအရ ရွှေကြာသင်္ကန်းရက်လုပ်လှူဒါန်းပွဲကို ဆောင်ရွက်ပါမယ်။ ဒါ့ပြင် ဆီမီး ၉၀၀၀ နဲ့ မွေ့စကြွရွှတ်ဖတ်ပူဇော်ပွဲပါ ဆောင်ရွက်မှာပါ။ ညပိုင်းမှာ မြန်မာ့ဆိုင်းဝိုင်းနဲ့ ဖျော်ဖြေမယ်။ ၄ ရက် မနက်ပိုင်းမှာ ဗုဒ္ဓါဘိသေကအနေ ကဇာတင်လှူပွဲရယ်၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲရယ်၊ ဆရာတော်၊ သံဃာတော်တွေကို ဆွမ်းကပ်လှူဒါန်းပွဲ ကျင်းပသွားမှာပါ" ဟု ၄င်းက ရှင်းပြသည်။

အဆိုပါ ရွှေကြာသင်္ကန်းကို ဘုရားရင်ပြင်တော်ပေါ်တွင် မြန်မာ့မှုမဏ္ဍပ်နှစ်ခုထိုးပြီး၊ မြောက်ဘက်မဏ္ဍပ်တွင် ရက်ကန်းစင် ၅ စင်၊ တောင်ဘက်မဏ္ဍပ်တွင် ရက်ကန်းစင် ၄ စင် ပြုလုပ်ကာ အမရပူရမြို့နယ် ရေကြည်ပေါက် ရက်ကန်းပညာရှင်အဖွဲ့က ဦးဆောင်ပြီး ဘုရားရင်ပြင်တော်ပေါ်တွင် ရက်လုပ်ပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၇၃)

## တိုင်းရင်းသားတို့၏ ဓလေ့ပုံစံအတိုင်း တရားစခန်းဖွင့်လှစ်မည်

**မိုင်းယု နိုဝင်ဘာ ၂၈**

ရှမ်းပြည်နယ်အရှေ့ပိုင်း၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ်၊ ဝမ်တာကြန့်ကျေးရွာအုပ်စု၊ ဝမ်ကျိုင်းကျေးရွာအနီးတွင် တောရသီတင်းသုံးတော်မူနေသည့် ဆရာတော်ဦးခန္တီကော၏ ဝပ်ဇလီ ကြွမ်းခမ်း ဘုန်းကြီးကျောင်း၌ တရားစခန်း(အဓိဋ္ဌာန်ဝင်ခြင်း) ဖွင့်လှစ်ခြင်းကို ဒီဇင်ဘာ ၄ ရက်မှစတင်၍ (၁၀)ရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်သည်။



အဆိုပါ တရားစခန်း(အဓိဋ္ဌာန်ဝင်)ရာတွင် မိုင်းယောင်းမြို့နယ်၊ မိုင်းယုမြို့တို့မှ သံဃာတော်များသာ တိုင်းရင်းသားတို့၏ ဓလေ့ပုံစံအတိုင်း ဒီဇင်ဘာ ၄ ရက်မှ ၁၃ ရက်ထိ တရားစခန်းဝင်ခြင်း(အဓိဋ္ဌာန်ဝင်ခြင်း)များပြုလုပ်မည်ဖြစ်ပြီး ယင်းတရားစခန်းဝင် (အဓိဋ္ဌာန်ဝင်)နေချိန်၌ အခြားအနယ်နယ်အရပ်ရပ်မှ ကုသိုလ်ရှင်ပြည်သူများမှ ဆရာတော် ဦးခန္တီကောအား လာရောက်ဖူးမြော် ကြည်ညိုနိုင်ခြင်း၊ ငါးပါးသီလ ဆောက်တည်နိုင်ခြင်း၊ တရားတော်နာကြားနိုင်ခြင်း၊ ဆရာတော်တို့အား လှူဖွယ်ဝတ္ထုတို့အား လာရောက်ဆက်ကပ်လှူဒါန်းနိုင်ခြင်းများ ပြုလုပ်နိုင်သည်။ (ဝဲပုံ)

ယင်းတောရဆောက်တည်နေသည့် ဆရာတော်ဦးခန္တီကောမှာ သက်သတ်လွတ်သာ ဘုဉ်းပေးလျက်ရှိပြီး ၁၃၅၁ခုနှစ်၊ ဝါဆိုလဆုတ် ၄ ရက်တွင် ဖခမည်းတော်ဦးနွဲ့ဆမ်ပျံနှင့် မယ်တော် ဒေါ်နန်းရှန်မွဲန်တို့မှ ဝမ်ဒန်ကျေးရွာတွင် မွေးဖွားခဲ့သည့် ဒုတိယမြောက်သားရတနာဖြစ်ကာ ငယ်မည်မှာ အိုက်ခုန်ဖြစ်ကြောင်းနှင့် ယင်းဆရာတော်အား မိုင်းယောင်းနှင့် မိုင်းယုဒေသများမှ ဒေသခံတိုင်းရင်းသားတို့၏ အလေးအမြတ်ထားကာ လေးစားကြည်ညိုရသည့် သက်သတ်လွတ်ဆရာတော်တစ်ပါးဖြစ်ကြောင်း သိရသည်။

ကိုကိုနိုင်

## (၁၇)ကြိမ်မြောက်စုပေါင်းမဟာဘုံကထိန်အောင်ပွဲနှင့် ရှင် ၁၀၀ ပြုပွဲ ကျင်းပမည်

**မန္တလေး နိုဝင်ဘာ ၂၈**

နယ်စပ်၊ တောင်တန်းသာသနာပြု ဇြပ္ပှစိုရ်ဆရာတော်ကြီး ဘဒ္ဒန္တတိက္ခ ဦးဆောင်သော နယ်စပ်၊ တောင်တန်းနှင့်ကမ်းရိုးတန်းဒေသ ဗုဒ္ဓဘာသာသာသနာပြန့်ပွားရေးအသင်းချုပ်(မန္တလေး)၏(၁၇) ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်တော်အောင်ပွဲနှင့် ရှင် ၁၀၀ ပြုပွဲကို ၂၀၂၅ ခုနှစ် မတ်လတွင် ကျင်းပမည်ဖြစ်သည်။

ကထိန်အောင်ပွဲကို မွန်ပြည်နယ် ဆိတ်ဖူးတောင်ဘုန်းတော်ကြီးသင် ပညာသင်ကြားရေးကျောင်းတွင် ကျင်းပမည်ဖြစ်ပြီး ရှင် ၁၀၀ ပြုပွဲကို ဇေယျာသီရိဘုန်းတော်ကြီးသင်ကျောင်းတွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါ ရှင် ၁၀၀ ပြုပွဲတွင် တစ်ပါးလျှင် ငွေကျပ် ၅၀၀၀၀ ဖြစ်စေ မ,တည်အလှူငွေကျပ် ၅၀၀၀၀၀၀ ဖြစ်စေ မိမိစွမ်းသလောက်ဖြစ်စေ ပါဝင်လှူဒါန်း၍ ရဟန်းဒါယကာ၊ ဒါယိကာမအဖြစ် ဆောင်ရွက်နိုင်မည်ဖြစ်ရာ ဖုန်း ၀၉-၄၄၂၀၇၄၄၆၆၊ ၀၉-၄၀၂၆၉၂၅၂၂၊ ၀၉-၆၆၀၈၅၀၃ ၉၉နှင့် ၀၉-၇၅၁၅၁၆၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(အောက်ပုံ)(၀၄၅)**



၀-၀-၀-၀-၀-၀-၀

၀-၀-၀-၀

# သတိပြုဖွယ် သတင်းနယ်ပယ်(၁)

သတင်းစာအလုပ်ဆိုသည်မှာ သမိုင်းကို ရေးနေသောအလုပ်ဖြစ်သည်။ မိမိရေးနေသောသမိုင်းသည် မှန်ကန်ဖို့လိုသည်။ ထိုသို့ မှန်ကန်စေရန် သတင်းစာလုပ်ငန်း လုပ်ကိုင်နေကြသူ သတင်းစာဆရာများတွင် တာဝန်ရှိသည်။ သတင်းစာဆရာများသည်လည်း သမိုင်းရှိကြသည်။ ကိုယ့်သမိုင်းကိုယ်ရေးသည်ဆိုသော စကားရပ်သည် အလင်္ကာဖြစ်လာသော ပေါ့ပေါ့တန်တန်စကား မဟုတ်ပေ။ နိုင်ငံအတွက် သမိုင်းသည် အရေးကြီးသည်။ သမိုင်းမှ သင်ခန်းစာကိုယူ၍ နိုင်ငံတော်ကို ကောင်းအောင်၊ ပို၍ ကောင်းအောင် တည်ဆောက်ကြရသည်။ ထို့ကြောင့် သမိုင်းသည် အရေးကြီးလှသည်။ နိုင်ငံအတွက် သမိုင်းသည် အရေးကြီးလှသကဲ့သို့ သတင်းစာသမား၊ သတင်းစာဆရာများ၏ သမိုင်းကလည်း အရေးကြီးသည်သာဖြစ်သည်။ ခေတ်စနစ်များသည် အမြဲပြောင်းလဲဖြစ်ပေါ်နေသည်မှာ သဘာဝပင် ဖြစ်သည်။ မည်သည့်ခေတ်၊ မည်သည့်စနစ်တွင်မဆို သတင်းစာဆရာများသည် သူ့သမိုင်းသူရေးရင်း နိုင်ငံအတွက် သမိုင်းကို ကြိုးစားရေးထိုးကြသည်သာဖြစ်သည်။ သတင်းစာဆရာတို့၏ဘဝသည် ဆူးကြားမှ ဘူးခါးကဲ့သို့ဖြစ်သည်။ အခက်အခဲပေါင်းစုံ၊ အန္တရာယ်ပေါင်းစုံကြားတွင် လှုပ်ရှားရန်းကန်ကြရသည်။ ထိုသို့ လှုပ်ရှားရင်း အဖျက်သမားအမျိုးမျိုးကို ရင်ဆိုင်ကြုံတွေ့ခဲ့ကြသည်သာဖြစ်သည်။ သတင်းစာကို ဖျက်ဆီးခြင်းသည် သမိုင်းကို ဖျက်ဆီးခြင်းဟု ဆိုရမည်ဖြစ်သည်။ သတင်းစာများအတွက် ပြင်ပ ပယောဂအဖျက်များ ရှိသကဲ့သို့ စားပေါက်ချောင်း၊ ဝွင်ဖန် ရလိုမှုများဖြင့် ကြားဖြတ်ဝင်ရောက်လာသော အတွင်းအဖျက်သမားများလည်း ရှိခြင်းမှာ သဘာဝပင်ဖြစ်သည်။ ထိုအဖျက်များကို ကြံ့ကြံ့ခံရင်း မှန်ကန်သော သမိုင်းကို ရေးနိုင်ရန် ကြိုးစားရမည်မှာ သတင်းစာဆရာကောင်းများ၏ တာဝန်သာဖြစ်သည်။

သတင်းစာဆရာဟူသော ဝေါဟာရထဲတွင် ဂျာနယ်ဆရာ၊ မဂ္ဂဇင်းဆရာများလည်း ပါဝင်သည်။ ဂျာနယ်၊ မဂ္ဂဇင်းတို့တွင်လည်း သတင်းများ၊ သတင်းဆောင်းပါးများ ပါဝင်သည်။ စာနယ်ဇင်းသမားဟုလည်း သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းဆရာများကို ပေါင်းစည်းခေါ်ဆိုကြသေးသည်။ အလုပ်သဘောသဘာဝအနေဖြင့် သတင်းစာက နေ့စဉ်၊ ဂျာနယ်က အပတ်စဉ်၊ မဂ္ဂဇင်းက လစဉ်(သို့)နှစ်စဉ် စသည်ဖြင့် ထုတ်ဝေကြသည်။ ထိုအထဲတွင် သတင်းစာဆရာဘဝက အပင်ပန်းဆုံးဖြစ်သည်။ သတင်းစာသည် နေ့စဉ်ထွက်ရှိရသည်။ နေ့စဉ်ထွက်ရှိရန်အတွက် သတင်းထောက်များကလည်း နေ့စဉ်သတင်းရှာဖွေရသည်။ အယ်ဒီတာများကလည်း ရောက်ရှိလာသမျှ သတင်း၊ ဆောင်းပါး၊ ကဗျာ၊ ကာတွန်း စသည်ဖြင့် ကဏ္ဍစုံကို ချက်ချင်းဖတ်၊ ချက်ချင်းတည်းဖြတ်၊ ချက်ချင်းရွေးချယ်၊ ချက်ချင်းစာစီ၊ ချက်ချင်းရိုက်နှိပ်၊ ချက်ချင်းဖြန့်ချိနိုင်အောင် ကြိုးစားကြရသည်။

> သတင်းစာဆရာတို့၏ဘဝသည် ဆူးကြားမှ ဘူးခါးကဲ့သို့ ဖြစ်သည်။ အခက်အခဲပေါင်းစုံ၊ အန္တရာယ်ပေါင်းစုံကြားတွင် လှုပ်ရှားရန်းကန်ကြရသည်။ ထိုသို့လှုပ်ရှားရင်း အဖျက်သမားအမျိုးမျိုးကို ရင်ဆိုင်ကြုံတွေ့ခဲ့ကြသည်သာ ဖြစ်သည်။

ထိုသို့ ချက်ချင်းကိစ္စများလုပ်ဆောင်ရာတွင် အဓိကဖြစ်သော သတင်းကဏ္ဍကို ဦးစားပေးဆောင်ရွက်ကြရသည်။ မှန်ကန်သော သတင်းလား၊ သတင်းရင်းမြစ်မှန်ကန်ရဲ့လား၊ ဘက်လိုက်ရေးသော သတင်းလား၊ သတင်းယောင်ဆောင်သော အတင်းလား၊ ပေါ်လစီနှင့် လွတ်ကင်းသော သတင်းဟုတ်ရဲ့လား စသည့်လားပေါင်းများစွာကို ကြည့်ရှုစစ်ဆေးရသည်။ ပြီးလျှင် ရေးသားတင်ပြပုံ အစီအစဉ် ကျနရဲ့လား၊ မည်သည့်သတင်းရေးသားနည်းပုံစံဖြင့် ရေးထားသလဲ၊ မည်သည့်ပုံစံဖြင့် တင်ပြက ပို၍ကောင်းမည်၊ ဤသတင်းသည် သတင်းဆောင်းပါးရေးသင့်သည် စသည်ဖြင့် ဆုံးဖြတ်ရပြန်သည်။ ခံစားချက်များစွာဖြင့် ရေးသားလာသည့် သတင်းများကိုလည်း ဖြတ်တောက်ပြုပြင်ရသေးသည်။ ဆောင်းပါးများ ကဗျာကသီဖတ်ရသည်။ အချက်အလက်များ မှန်ကန်ရဲ့လား၊ မလွတ်မကင်းပါသလား၊ အကြောင်းအရာကောင်းရဲ့လား ကြည့်ရသည်။ ဆောင်းပါးတွင် သုံးနေကျကလောင်များကို ဦးစားပေးတတ်သည်။ အဘယ့်ကြောင့်ဆိုသော် စာရေးသူ၏ အာဘော်ကို သိနေခြင်း၊ စာရေးသူ၏ အချက်အလက်များကို သိပြီးဖြစ်ခြင်း၊ ယုံကြည်စိတ်ချရသူဖြစ်ခြင်းတို့ကြောင့်

> သတင်းသမားတို့သည် များသောအားဖြင့် မှုခင်းသတင်း ရေးသားရန်အတွက် (ဘ)၉လုံးနည်း၊ အခမ်းအနားများအတွက် (ဘ)၅လုံးနည်း၊ ဆောင်ရွက်ချက် လုပ်ငန်းဟူသမျှကို (ဘ)၆လုံးနည်းတို့ဖြင့် စစည်းရေးသားလေ့ရှိကြသည်။

အသေးစိတ် အချိန်ပေး၍ မစစ်ဆေးရသောကြောင့် ဖြစ်ပေသည်။ ကာတွန်း၊ ကဗျာများ ဖော်ပြရာတွင်လည်း ထိုနည်းတူဖြစ်သည်။ ကဗျာသည် အတွေးနှင့် နိမိတ်ပုံများစွာ ပါဝင်၍ ဆောင်းပါးရွေးချယ်ခြင်းထက် ပို၍ သတိထားရသည်။ ထို့ကြောင့် ချက်ချင်းဖတ်၊ ချက်ချင်းရွေး၊ ချက်ချင်းစာစီ၊ ချက်ချင်းရိုက်၊ ချက်ချင်းဖြန့်ဝေသည့် သတင်းစာအတွက် အယ်ဒီတာ၏အခန်းကဏ္ဍက အရေးပါနေခြင်းဖြစ်သည်။

သတင်းထောက်များသည် **Information is the most important things.** သတင်းအချက်အလက်သည် အရေးပါဆုံးသော ကုန်ပစ္စည်းတစ်ရပ်ဖြစ်သည်ဟု ယုံကြည်ထားရမည်ဖြစ်သည်။ မည်သည့်သတင်းမဆို အချက်အလက်များနှင့် ကင်းကွာ၍မရ။ သတင်းတွင် ဦးစားပေး အရေးပါသည့် အချက်အလက်ကို ပေါ်လွင်အောင် ရေးပြနိုင်ရမည်ဖြစ်သည်။ သတင်းအချက်အလက်များ စုစည်းရာတွင် (ဘ)၅လုံးဖြင့် စုစည်းသောသတင်းသည် အလွယ်ဆုံးဖြစ်သည်။ ဘယ်နေ့၊ ဘယ်အချိန်၊ ဘယ်နေရာ၊ ဘယ်သူက၊ ဘယ်လိုမျိုး၊ ဘာကြောင့်(သို့) ဘယ်လိုဖြင့် အချက်အလက် စုစည်းပြင်ဆင်ရသည်။ (ဘ)၉လုံးဖြင့် စုစည်းတင်ပြမည်ဆိုလျှင် ဘာ၊ ဘယ်သူ၊ ဘယ်နေရာ၊ ဘယ်အချိန်၊ ဘယ်နေ့ရက်၊ ဘာကြောင့်၊ ဘယ်သူ့ကို၊ ဘယ်သူက၊ ဘယ်လိုဖြင့် အချက်အလက်ကို စုဆောင်းရသည်။ သတင်းသမားတို့သည် များသောအားဖြင့် မှုခင်းသတင်း

> "ချစ်သူကို မသာစေရ၊ မုန်းသူကို မသာစေရ၊ မုန်းသူကို မနာစေရ၊ အတင်းကို မရေး၊ သတင်းကိုရေးမည်"ဟု ဆိုသည်။ ထို့ပြင် "သတင်းထောက်ဆိုတာ အသည်းနှလုံး မရှိရဘူး"

ရေးသားရန်အတွက် (ဘ)၉လုံးနည်း၊ အခမ်းအနားများအတွက် (ဘ)၅လုံးနည်း၊ ဆောင်ရွက်ချက်လုပ်ငန်းဟူသမျှကို (ဘ)၆လုံးနည်းတို့ဖြင့် စုစည်းရေးသားလေ့ရှိကြသည်။ ထိုသို့ အချက်အလက်များကို စုစည်းကြရာတွင် ဘယ်သူကဟူသည့် အချက်တွင် ဘယ်သူကသည် နိုင်ငံတော်အကြီးအကဲ၊ ဝန်ကြီး၊ နိုင်ငံရေး အဓိပတိပုဂ္ဂိုလ်၊ ခေါင်းဆောင်၊ ကုမ္ပဏီဥက္ကဋ္ဌ၊ စာရေးဆရာ၊ အဆိုတော်၊ ဆရာဝန်၊ ကျောင်းဆရာ၊ မင်းသား၊ မင်းသမီးများ ဖြစ်နိုင်သည်။ အရေးပါသောပုဂ္ဂိုလ်များကို ခေါင်းစဉ်တွင် ရည်ညွှန်းဖော်ပြအပ်သည်ကို သတိပြုရမည်ဖြစ်သည်။ ထိုကဲ့သို့ (ဘ)၅လုံး၊ (ဘ)၆လုံး၊ (ဘ)၉လုံးနည်းတို့သည် စာဖတ်သူအတွက် သတင်းအချက်အလက်ကို လိုတိုရှင်း ထိထိမိမိ သိသွားစေရန် စုစည်းဖော်ပြပေးခြင်းဖြစ်သည်။ အများစုအတွက် အလွယ်ကူဆုံးသတင်းမှာ (ဘ)၅လုံးဖြစ်သည်။ သတင်းထောက်များအတွက် သတင်းများကိုရေးရန် အချက်အလက် ရယူရေးသားရာ၌ သတင်းထောက်နည်းဗျူဟာဖြင့် အင်တာဗျူးခြင်း၊ မေးမြန်းစုံစမ်းခြင်းတို့ကို အသုံးချ၍ (ဘ)၉လုံးစေ့အောင် သတင်းနိုက်တတ်၊ ရေးတတ်မှသာ သတင်းလိုက်တတ်၊ ရေးတတ်သူဟု ဆိုနိုင်မည်ဖြစ်သဖြင့် (ဘ)၉လုံးကျွမ်းကျင်အောင် အသုံးချနိုင်ရန် လေ့ကျင့်ထားရမည်ဖြစ်သည်။ အများစုမှာမူ (ဘ)၆လုံးကိုသာ အသုံးပြုကြသည်။

သတင်းတစ်ပုဒ်ရေးသားခြင်းသည် ဝတ္ထု၊ ဆောင်းပါးတို့နှင့်မတူ။ သတင်းဟူသမျှသည် ပြတ်သားရမည်။ ရှင်းလင်းရမည်။ ထင်ရှားရမည်။ သြဇာရှိရမည်ဖြစ်သည်။ သတင်းရေးသားခြင်းတွင် အဆုံးသတ်စကားလုံးများကို 'သည်'၊ '၏'တို့ဖြင့် ဆုံးသင့်သည်။ 'သည်'၊ '၏'တို့၏ သဘောသဘာဝမှာ ပြတ်သားခြင်း၊ ထင်ရှားခြင်း၊ လေးနက်ခြင်း သဘောများ ပါဝင်နေလေသည်။ စာတစ်ပုဒ်ရေးသားရာတွင် ပြောဟန်ဖြင့် ရေးသားတင်ပြခြင်းနှင့် ရေးဟန်ဖြင့် ရေးသားတင်ပြခြင်းတို့ကို သိထားရမည်ဖြစ်သည်။ သတင်းများကို ရေးဟန်ဖြင့်သာ တင်ပြလေ့ရှိသည်။ သတင်းဆောင်းပါးကိုမူ ပြောဟန်ဖြင့်လည်း တင်ပြသင့်၏။ သတင်းစာဆရာကြီးတစ်ဦး၏ စကားကို မှတ်သားထားမိသည်။ 'ချစ်သူကို မသာစေရ၊ မုန်းသူကို မသာစေရ၊ မုန်းသူကို မနာစေရ၊ အတင်းကိုမရေး၊ သတင်းကိုရေးမည်'ဟုဆိုသည်။ ထို့ပြင် 'သတင်းထောက်ဆိုတာ အသည်းနှလုံး မရှိရဘူး'ဟုလည်း ဆိုထားသေးသည်။ သတင်းရယူရာတွင် မိမိနှင့်သိ၍၊ မိမိနှင့်အမျိုးတော်၍၊ ချစ်၍၊ မုန်း၍ ဟူသော နှလုံးသားခံစားချက်များ မရှိရ၊ ချစ်၍ မုန်း၍ ပိုရေး၊ လျှော့ရေးခြင်း မရှိရ၊ သတင်းကို သတင်းအတိုင်း ရေးသားရမည်။ ထိန်ချန်ခြင်းမပြုရဟု ဆိုလိုခြင်းဖြစ်သည်။

ကျောင်းများတွင် သတင်းစာသုံးမြန်မာစာဟူ၍ စာသင်သားများ သင်ကြားခဲ့ကြရသည်။

**နိုင်ဗလ**

သတင်းစာသုံးမြန်မာစာသည် အရေးကြီးလှသည်။ မြန်မာစာပေ၏ နောက်ဆုံးခံတပ်သည် သတင်းစာဟု ဆိုနိုင်သည်။ သတင်းစာကို အများပြည်သူ၊ လူတန်းစားမရွေး၊ အသက်အရွယ်မရွေး ဖတ်ရှုနိုင်ရန်အတွက် ရည်ရွယ်၍ ထုတ်ဝေထားခြင်းဖြစ်သည်။ သတင်းစာဖတ်ပရိသတ်ထဲတွင် ပါမောက္ခကြီးများမှအစ စာရေးတတ်၊ ဖတ်တတ်ရုံ ကလေးသူငယ်များပါ ပါဝင်သည်။ လူတန်းစားအနေဖြင့် သူဌေးသူကြွယ်မှအစ၊ အလုပ်သမား၊ လယ်သမား စာတတ်သူ မည်သူမဆို ဖတ်ရှုကြသည်။ သတင်းစာသည် ဘဝအတွက် ပဓာနဖြစ်သလို စိတ်အတွက် အာဟာရလည်းဖြစ်သည်။ နေ့စဉ်ဘဝ နေထိုင်စားသောက် လုပ်ကိုင်ရေးအတွက် သတင်းသည် အရေးပါသည်။ သတင်းကို မူတည်၍ ဈေးကွက်များ ပြောင်းသည်။ သတင်းကို မူတည်၍ သီးနှံများ စိုက်ကြ၊ ပျိုးကြသည်။ သတင်းကို မူတည်၍ ကြိုတင်ပြင်ဆင်မှုများ ပြုကြသည်။ နေ့စဉ်သတင်းက ဦးဆောင်နေတတ်သည်။ ထို့ကြောင့် သတင်းစာကို ရေးသားထုတ်ဝေရာတွင် သတင်းစာသုံး မြန်မာစာအရေးအသားဖြင့် ထုတ်ဝေရမည်။ လိုရင်းတိုရှင်း ရေးသားရမည်။ မှန်ကန်သော ဝါကျတည်ဆောက်မှုဖြင့် ရေးသားရမည်။ အများနားလည်နိုင်သော မြန်မာစာဖြင့်သာ ဖော်ပြရမည်။ စာဖတ်တတ်သူတိုင်း နားလည်အောင် ရေးရမည်။ အင်္ဂလိပ်ဘာသာစကားများ၊ ဘန်းစကားများကို အတတ်နိုင်ဆုံး ဘာသာပြန်၍ သုံးစွဲပေးရမည်။ ပညာရပ်ဆိုင်ရာ ဆောင်းပါးများမှလွဲ၍ သတင်းများတွင် ပညာရပ်အသုံးများ တတ်နိုင်သမျှ လျှော့ချရမည်ဆိုသည်ကို သတင်းရေးသားသူများ၊ တည်းဖြတ်သူများက နားလည်ပြီးသား ဖြစ်ရမည်။ ရိုးရာယဉ်ကျေးမှုမှ သွေဖည်သောအသုံးများ၊ အများနားမလည်သော အသုံးများကိုသုံးရင်း အကျင့်ပါသွားက သတင်းစာပုံစံပျက်တတ်သည်။ သတင်းစာနှင့်ပတ်သက်၍ မူဝါဒများ ကွဲပြားလာလျက်ရှိသည်။ သတင်းသမားမဟုတ်သူများ ဝင်ရောက်စွက်ဖက်ခွင့်ရက သတင်းစာ၏ပုံစံ ပျက်တတ်သည်။ သတင်းအရေးအသားများကို ခေတ်နှင့်အညီ ဂျာနယ်များတွင် ရေးသားသကဲ့သို့ ပြောင်းလဲ၍ ရေးသားလိုကြသော သတင်းသမားများ ရှိလာသည်။ သတင်းစာသည် သတင်းစာလိုသာ ရေးသားရမည်ဖြစ်ပြီး ဂျာနယ်ဆန်လျှင် အဆင့်မြင့်လာသည်ဟု တလွဲတွေးတတ်လာသည်။ သတင်းစာ၏ပုံစံနှင့် အနှစ်သာရမပျက်ရန်သာ အဓိက အရေးကြီးသည်ကို သိရမည်ဖြစ်သည်။ နေ့စဉ်သတင်းစာသည် နေ့စဉ်သတင်းပုံစံကို တိုတိုရှင်းရှင်း ရေးရမည်။ ဂျာနယ်သည် အပတ်စဉ်ဖြစ်၍ သတင်းကို ချဲ့ကားနိုင်၊ နောက်ဆက်တွဲ ထည့်နိုင်သည်။ များသောအားဖြင့် သတင်းစာကို မှီ၍ သတင်းများ အကျယ်ချဲ့လိုက်တတ်ကြသည်။ သတင်းစာသည် ချက်ချင်းဆောင်ရွက်ပုံနှိပ်ရသော စာဖြစ်သည်။ ကသောကမျောစာဟုလည်း ဆိုရမည်။ ကနဦးသတင်းမှန်သမျှ သိရသည်။ ဂျာနယ်ဆန်သင့်၊ မဆန်သင့် ဆွေးနွေးရမည့်အချက်ပင် မဟုတ်ကြောင်း သိသင့်လှသည်။

# ကိုယ်လက်လှုပ်ရှားမှုလေ့ကျင့်ခန်း ပြုလုပ်ခြင်းကြောင့် စိတ်ကျဝေဒနာကို လျော့နည်းသက်သာစေနိုင်မည်

အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယားတက္ကသိုလ် အာရုံကြောသိပ္ပံပညာဌာနမှ ဒေါက်တာ အယ်မလီဟတ် ဦးဆောင်သော



သုတေသီများသည် ကိုယ်လက်လှုပ်ရှားမှုလေ့ကျင့်ခန်းပြုလုပ်ခြင်းနှင့် စိတ်ပိုင်းဆိုင်ရာအကျိုးသက်ရောက်မှုများအကြောင်းကို သုတေသနပြု လေ့လာခဲ့ကြသည်။

ထိုသို့လေ့လာရာမှ ကိုယ်လက်လှုပ်ရှားမှုလေ့ကျင့်ခန်းပြုလုပ်ခြင်းကြောင့် စိတ်ကျဝေဒနာကို လျော့နည်းသက်သာစေနိုင်မည်ဖြစ်ကြောင်း မကြာသေးမီက ဖော်ထုတ်တွေ့ရှိခဲ့ကြသည်။

စိတ်ကျဝေဒနာကြောင့် ကမ္ဘာတစ်ဝန်းလုံး၌ ကိုယ်လက်အင်္ဂါမသန်စွမ်းသည်အထိ အခြေအနေဆိုးရွားသွားနိုင်ကြောင်း လေ့လာတွေ့ရှိထားပြီးဖြစ်သည်။

သို့ဖြစ်ရာ စိတ်ကျဝေဒနာလျော့နည်းသက်သာစေရန် နေ့စဉ် (သို့မဟုတ်) ပုံမှန်လေ့ကျင့်ခန်းပြုလုပ်ပေးသင့်သည်ဟု ဦးဆောင်သုတေသီ ဒေါက်တာအယ်မလီဟတ်က အကြံပြုကြောင်း သိရသည်။

SCI

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ




## Juhi Chawla သည် အိန္ဒိယ ရုပ်ရှင်လောကတွင် အကယ်ဒမီလေးဆု ရရှိထား

မစ္စအိန္ဒိယသရဖူပိုင်ရှင် မင်းသမီးချော ဂျူဟီချောင်လာသည် အိန္ဒိယရုပ်ရှင်လောကတွင် တစ်ခေတ်ဖြစ်ခဲ့ပြီး အကယ်ဒမီဆုလေးဆုရရှိထားသူဖြစ်ကာ လက်ရှိရာ ရွှတ်ခန်နှင့် စီးပွားရေးလုပ်ငန်းများများတွဲ၍ လုပ်ကိုင်နေသည်ဟု ဘောလီဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဂျူဟီချောင်လာသည် ၁၉၆၇ ခုနှစ်ဖွားဖြစ်၍ အသက် ၅၇နှစ်ရှိပြီဖြစ်ကာ အိန္ဒိယနိုင်ငံ ဟာယာနာတွင်မွေးဖွားခဲ့ပြီး အစ်ကိုနှင့် ညီမတစ်ယောက်ရှိခဲ့သည်။ မွမ်ဘိုင်းတက္ကသိုလ်တက်ရင်း မော်ဒယ်လ်လုပ်ရာမှ ၁၉၈၆ခုနှစ်တွင် Miss India သရဖူပိုင်ဆိုင်ခဲ့ကာ ၁၉၈၆ ခုနှစ်မှ အနုပညာလောကသို့ဝင်၍ ကြယ်တစ်ပွင့်ဖြစ်ခဲ့သည်။

ဂျူဟီချောင်လာမိခင်မှာ ၁၉၉၈ခုနှစ်တွင် ကားမတော်တဆမှုနှင့်ကွယ်လွန်ပြီး၊ အစ်ကိုမှာလည်း ကိုမာနှင့် ညီမဖြစ်သူမှာရောဂါနှင့် သေဆုံးကြကာ၊ ၁၉၉၅ခုနှစ်တွင် စီးပွားရေးလုပ်ငန်းရှင်တစ်ဦးနှင့် လက်ထပ်၍ သား၊ သမီးနှစ်ဦး ပိုင်ဆိုင်ထားသည်။ ရှာရွတ်ခန်နှင့် လက်ရှိ စီးပွားရေးအတူလုပ်ကိုင်နေသည်။

ဂျူဟီချောင်လာသည် ဘောလိဝုဒ်၊ တမီလ်း၊ တီလဂူ၊ ဘင်္ဂလီ၊ မလျာလမ်းစသည့်ရုပ်ရှင်မျိုးစုံ၌ ပါဝင်ခဲ့ရာ ဇာတ်ကားပေါင်း ၆၀ သရုပ်ဆောင်ခဲ့ပြီး အကယ်ဒမီ လေးဆုရရှိထားသူဖြစ်သည်။ SKY



## The Boy In The Striped Pajamas ရန်သူမျိုးနွယ်စုကြားမှမိတ်ဆွေအကြောင်း ပုံဖော်ထား

ဖြူစင်သန့်ရှင်းသည့်ကလေးငယ်များ၏ စိတ်ကိုသိမြင်နိုင်သည့် The Boy In The Striped Pajamas မှာ ရန်သူမျိုးနွယ်စုကြားမှ မိတ်ဆွေသူငယ်ချင်းနှစ်ဦး အကြောင်းပုံဖော်ထား၍ ရင်ထဲနှင့်ကျန်ရစ်သည့် ဇာတ်ကားဖြစ်သည်ဟု ဟောလီဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဒုတိယကမ္ဘာစစ်အတွင်း ဂျူးလူမျိုးများထားသည့် အကျဉ်းစခန်းကိုအုပ်ချုပ်ရသည့် ဂျာမနီတပ်အရာရှိကြီး၏ ရှစ်နှစ်အရွယ်သားလေးကို အဓိကဇာတ်အိမ်တည်ထားကာ ဂျူးအကျဉ်းသားတစ်ဦး၏ ရွယ်တူသားလေးနှင့် အကျဉ်းစခန်းတွင်တွေ့ဆုံကြရာမှ ရန်သူမျိုးနွယ်စုနှစ်စု၏ အပြစ်မဲ့ကလေးနှစ်ဦးသံယောဇဉ်ကို ရိုက်ကူးတင်ပြထားသည်။

အဆိုပါရုပ်ရှင်တွင် ကြည်နူးဖွယ်ရာများနှင့်စတင်၍ ကြေကွဲဖွယ်ရာများနှင့် ဇာတ်လမ်းဆင်တင်ဆက်ထားပြီး ပရိသတ်ကို သင်ခန်းစာပေးထားခဲ့သည်။

SKY

## The Empress Of Ayodhaya တွင် Mai Davika က အယုဒ္ဓယနိုင်ငံ ကေရီဇာတ်ကားနှင့်ရေပန်းစားနေ

ထိုင်းအနုပညာရှင် မိန်ဒါဗီကာ ပါဝင်ထားသော ရာဇဝင်ဇာတ်ကား အယုဒ္ဓယနိုင်ငံကေရီ The Empress Of Ayodhaya နှင့် ပရိသတ်ကြား ရေပန်းစားမှုရရှိထားသည်ဟု ထိုင်းအတ်ဒိတ်ဝက်ဘ်ဆိုက်တွင် ဖော် ပြသည်။

အဆိုပါဇာတ်ကားတွင် အယုဒ္ဓယနိုင်ငံ၏ မိဖုရားအဖြစ်မှ ထူးချွန်သောဉာဏ်ပညာနှင့် ဖခင်၏သွေးကြွေးအတွက် အယုဒ္ဓယနိုင်ငံကေရီ တစ်ပါးဖြစ်လာခဲ့ပုံ၊ အာဏာမက်မောလာမှုကြောင့် နောက်ဆုံးဘဝ အဆုံးသတ်ခဲ့ရပုံတို့ကို ရိုက်ကူးတင်ပြရာ မင်းသမီးမိန်ဒါဗီကာနှင့်



မင်းသားဖလင်တို့ပါဝင်ထားကြသည်။

နာမည်ကျော် အနုပညာရှင်များနှင့် ရာဇဝင်ဇာတ်လမ်းတွဲကို အသေးစိတ်ဖန်တီးထားပြီး ခေတ်နှင့်အညီ ဝတ်စားဆင်ယင်မှုများ၊ ရိုက်ကူးရေးနည်းစနစ်များအပြင် သရုပ်ဆောင်စွမ်းရည်ပါ ပြည့်ဝသဖြင့် မိန်ဒါဗီကာမှာ ပရိသတ်ကြား ရေပန်းစားနေသည်။

SKY

၀-၀-၀-၀-၀-၀-၀



## Tom Hanks ဟောလိဝုဒ်ရုပ်ရှင်လောကတွင် အကောင်းဆုံးမင်းသားအဖြစ် သတ်မှတ်ခံရ

ဟောလိဝုဒ်ရုပ်ရှင်လောကတွင် အကောင်းဆုံးမင်းသားအဖြစ် သတ်မှတ်ခံရသော တွမ်ဟန့်ခ်၏ ရုပ်ရှင်များမှာ ကောင်းသည်ထက်ပို၍ သရုပ်ဆောင်နိုင်သောကြောင့် ဖြစ်သည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

တွမ်ဟန့်ခ်၏သရုပ်ဆောင်ချက်များမှာ အပြင်တွင်ခံစားနေရသကဲ့သို့ ဆွဲခေါ်နိုင်သည့် အရည်အချင်းရှိသူဖြစ်ခဲ့ကာ သဘာဝမင်းသားကြီးတစ်ဦးဖြစ်ပြီး သူပါဝင်ထားသောရုပ်ရှင်ကားတိုင်း အောင်မြင်မှုရရှိထားသည်။

အမေရိကန် ကုန်တင်သင်္ဘော ပြန်ပေးဆွဲခံရသည့်အကြောင်း ရိုက်ကူးထားသောဇာတ်ကားတွင် သင်္ဘောကပ္ပတိန်တွမ်ဟန့်ခ်နှင့် ဆိုမာလီဓားပြဗိုလ်တို့တွေ့ဆုံမှု၌ တွမ်ဟန့်ခ်၏ သရုပ်ဆောင်ချက်များမှာ ကောင်းသည်ထက်ပိုနေသည်ကို တွေ့ရသည်။

SKY

၀-၀-၀-၀-၀-၀-၀

## Oh Young Soo က Squid Game သရုပ်ဆောင်ဖြစ်ပြီး တရားရုံး အယူခံဝင်ခဲ့

ကိုရီးယားဝါရင့်အနုပညာရှင်တစ်ဦးဖြစ်သည့် အိုယောင်ဆူမှာ Squid Game နှင့် နာမည်ကျော်ခဲ့ကာ အမှုရင်ဆိုင်ရပြီး တရားရုံးတွင် အယူခံဝင်ခဲ့သည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အိုယောင်ဆူသည် အဆိုပါဇာတ်ကားနှင့်အောင်မြင်မှုများစွာ ရရှိခဲ့ပြီးနောက် သူ၏တစ်ချိန်က လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုကြောင့် တရားစွဲခံခဲ့ရကာ ရှစ်လကြာ ထောင်ဒဏ်နှင့် နှစ်နှစ်တာအခြေအနေစောင့်ကြည့်ရန် အမိန့်ချမှတ်ခံခဲ့ရသည်။



ယင်းအမှုကိစ္စအတွက် အိုယောင်ဆူက အောက်တိုဘာလကုန်တွင် တရားရုံးသို့အယူခံဝင်ခဲ့ရာ ပရိသတ်များက သူ၏ကျူးလွန်ခဲ့သည့်ပြစ်မှုအတွက် လမ်းဘေးတွင် ရှုတ်ချသောပိုစတာများနှင့် အတူမြင်တွေ့ကြရသည်။

SKY



## Song Ji Hyo က သည်းထိတ်ရင်ဖို ဇာတ်လမ်းတွဲသစ်တွင် ပါဝင်မည်

ဘက်စုံထူးချွန်သည့် Running Man အဖွဲ့ဝင်၊ အဆိုတော်၊ သရုပ်ဆောင် ဆောင်းဂျီဟိုက သည်းထိတ်ရင်ဖိုဇာတ်လမ်းတွဲသစ် The Rescure တွင် ပါဝင်မည်ဟု SPOTV News မှ ထုတ်ပြန်ထားကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဆောင်းဂျီဟို၏ အေဂျင်စီ နိုပ်အတ်စ်အင်တာတိန်းမင့်ကလည်း ယင်းဇာတ်လမ်းတွဲတွင် ဆောင်းဂျီဟို ပါဝင်ရန် ဆွေးနွေးနေပြီး သည်းထိတ်ရင်ဖိုဇာတ်လမ်းတွဲတစ်ခုဖြစ်ကာ သုံးနှစ်ကြာမှ ပြန်လည်သရုပ်ဆောင်မည်ဟု တရားဝင် ထုတ်ပြန်ထားသည်။

ဆောင်းဂျီဟိုသည် အမျိုးသားများနှင့်တန်းတူ တစ်ဦးတည်းအမျိုးသမီးအဖြစ် Running Man အစီအစဉ်တွင် နှစ်ရှည်လများ ပါဝင်ထားသကဲ့သို့ ရုပ်ရှင်နှင့်ရုပ်သံများတွင်လည်း နာမည်ကြီး သရုပ်ဆောင်တစ်ဦးအဖြစ် မြင်တွေ့ရသည်။

SKY

၀-၀-၀-၀-၀-၀-၀

၀-၀-၀-၀



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံ“စီးပွားရေးပညာ နှစ်(၁၀၀)”ရာပြည့်အထိမ်းအမှတ် အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

❖ ရှေ့ဖုံးမှ

ကော်မတီနှင့် ဆပ်ကော်မတီဝင်များ၊ စီးပွားရေးနှင့် သက်ဆိုင်သော ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ စီးပွားရေးပညာရပ်ဆိုင်ရာ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)နှင့် ညီနောင်အသင်းများ၊ စီးပွားရေးတက္ကသိုလ်နှင့် စီးပွားရေးဆိုင်ရာ တက္ကသိုလ်များမှ ဆရာကြီး ဆရာမကြီးများ၊ ကျောင်းသားကျောင်းသူများနှင့် ကျောင်းသားဟောင်းများ၊ စာတမ်းရှင်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ကြည့်ရှု**

ဦးစွာ အခမ်းအနားကို စတင်ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများက မြန်မာနိုင်ငံ “စီးပွားရေးပညာနှစ်(၁၀၀)”ရာပြည့်အထိမ်းအမှတ် အခမ်းအနား Video Clip ကို ကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ယနေ့သည် ခေတ်ကာလအဆက်ဆက် နိုင်ငံ့စီးပွားရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်ရာ တိုးတက်ကြောင်းအတွက် စီးပွားရေးပညာကို စတင်သင်ယူခွင့်ရရှိခဲ့ပြီး နိုင်ငံအတွက် အထောက်အကူပြုနိုင်ခဲ့သည်မှာ နှစ်ပေါင်း ၁၀၀ ပြည့်ခဲ့ပြီ ဖြစ်ပါကြောင်း၊ ထို့ကြောင့် စီးပွားရေးပညာနှင့် ပတ်သက်ပြီး ထူးခြားသည့် နှစ်တစ်နှစ်ဟု ပြောရမည်ဖြစ်ကြောင်း၊ မြန်မာ့ပညာရေး သမိုင်းတွင် စီးပွားရေးပညာရပ်အနေဖြင့် စတင်ပါဝင်လာခဲ့သည်မှာ ၁၉၂၄ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် ဘောဂဗေဒဌာန စတင်ဖွင့်လှစ်သင်ကြားခဲ့ချိန်ကဖြစ်ကြောင်း၊ ထို့ကြောင့် **“စီးပွားရေးပညာနှစ် ၁၀၀ သက်တမ်း”** ကာလအတွင်း ခေတ်အဆက်ဆက် တာဝန်ထမ်းဆောင်ခဲ့ကြသည့် ဆရာကြီး ဆရာမကြီးများ၊ စီးပွားရေးပညာဘွဲ့ရများ၊ လက်ရှိ စီးပွားရေးပညာ သင်ယူနေဆဲ ကျောင်းသားကျောင်းသူများ၊ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ အသီးသီး၌ စီးပွားရေးပညာဖြင့် နိုင်ငံ့အကျိုး





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံ“စီးပွားရေးပညာနှစ်(၁၀၀)”ရာပြည့်အထိမ်းအမှတ် ပြခန်းများအား ကြည့်ရှုလေ့လာစဉ်။

သယ်ပိုးနေကြသူများ အားလုံး၏ ဂုဏ်ယူဖွယ်နေ့တစ်နေ့ဖြစ်ပြီး နိုင်ငံတော်အနေဖြင့်လည်း များစွာ ဝမ်းမြောက်ဂုဏ်ယူပါကြောင်း။

စီးပွားရေးပညာ နှစ် ၁၀၀ ခရီးကို ပြန်ကြည့်မည်ဆိုပါက ကိုလိုနီခေတ်က စတင်ပြီး ယခုနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ လက်ထက်အထိ ခေတ်အဆက်ဆက်တွင် စီးပွားရေးပညာအနေဖြင့် မူဝါဒဆိုင်ရာပံ့ပိုးဆောင်ရွက်ပေးခြင်း၊ အကြံပြုခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း၊ နိုင်ငံတော်တည်ဆောက်ရေးတွင် အဓိကကျသည့်စီးပွားရေးကဏ္ဍကိုကောင်းစွာ အကျိုးပြုခဲ့သည့် ဘာသာရပ်ကြီးလည်းဖြစ်ကြောင်း။

မြန်မာနိုင်ငံတွင် စီးပွားရေးပညာရပ် သင်ကြားမှုနှင့်ပတ်သက်ပြီး ရန်ကုန်တက္ကသိုလ် လူမှုသိပ္ပံမဟာဌာနအောက်၌ ဘောဂဗေဒဌာန (စီးပွားရေးပညာဌာန)ကို ၁၉၂၄ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ဘောဂဗေဒဘွဲ့အတွက် သင်ကြားခဲ့ကြောင်း၊ ယခုနှစ်တွင် **“စီးပွားရေးပညာနှစ် ၁၀၀”**နှင့် **“ရန်ကုန်စီးပွားရေးတက္ကသိုလ်အဖြစ် ထူထောင်သည့် နှစ်(၆၀) ပြည့်သည့်နှစ်”** တိုက်ဆိုင် နေခြင်းသည်လည်း **“ဂုဏ်ယူဖွယ်ရာ သမိုင်းမှတ်တိုင်တစ်ရပ်”** ဖြစ်ကြောင်း။

**စာမျက်နှာ ၃ သို့ »»»**

## Chinland အသင်း ပထမရရှိ





မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပသည့် Myanmar National League II 2024 ရာသီပိတ်နောက်ဆုံးပွဲစဉ်တစ်ပွဲအဖြစ် နိုဝင်ဘာ ၂၈ ရက် ညနေက သုဝဏ္ဏကွင်း၌ University အသင်းနှင့် ရာမညယူနိုက်တက် အသင်းတို့ ကစားခဲ့ကြပြီး University အသင်းက တစ်ဂိုးဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

University အသင်းသည် ယနေ့ နိုင်ပွဲကြောင့် ရမှတ် ၃၀ မှတ်ရရှိခဲ့ပြီး ရာမညယူနိုက်တက်အသင်းနှင့် ရမှတ်တူ ဂိုးကွာခြားချက်အသာဖြင့် ဒုတိယနေရာတွင် ရပ်တည်ခဲ့သည်။ Chinland အသင်းသည် ရမှတ် ၃၂ မှတ်ဖြင့် ပထမရရှိခဲ့သည်။ ယနေ့ကစားခဲ့သည့် University အသင်းနှင့် ရာမညယူနိုက်တက် အသင်းတို့ပွဲစဉ်အပြီးတွင် ချန်ပီယံဆုပေးပွဲ အခမ်းအနားကို ဆက်လက်ကျင်းပခဲ့သည်။

ရှေးဦးစွာ ၂၀၂၄ မြန်မာနေရှင်နယ်လိဂ်-၂ ပြိုင်ပွဲတွင် ဂိုးသွင်းအများဆုံးဆုကို University အသင်း တိုက်စစ်မှူး ဇော်ဇော်ထိုက် သွင်းဂိုး ၁၈ ဂိုးဖြင့် ရရှိခဲ့ပြီး ဇော်ဇော်ထိုက်အတွက် ဆုတံဆိပ်နှင့် ဆုကြေးငွေကျပ်ငါးသိန်း ချီးမြှင့်ခြင်းကို မြန်မာနေရှင်နယ်လိဂ်အမှုဆောင်အရာရှိချုပ် ဦးစိုးမိုးကျော်က ချီးမြှင့်ပေးခဲ့သည်။

ထို့နောက် ပြိုင်ပွဲတွင် တတိယဆုရခဲ့သည့် ရာမညယူနိုက်တက် အသင်းသည် တစ်ဦးချင်း ကြေးတံဆိပ်ဆုများနှင့် အတူ ဆုငွေကျပ်သိန်း ၁၀၀ ရရှိခဲ့သည်။ ရာမညယူနိုက်တက် အသင်းအတွက် တစ်ဦးချင်း ကြေးတံဆိပ်ဆုတံဆိပ်များကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အမှုဆောင်အဖွဲ့ဝင်၊ မွန်ပြည်နယ်ဘောလုံးအဖွဲ့ချုပ်

**စာမျက်နှာ ၇ သို့ ❖**